မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၉၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဝီလီယံ ဂျက်ဖာဆန် ဟော့ဂ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီး ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn တို့ တက်ရောက်ကြသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဝီလီယံ ဂျက်ဖာဆန် ဟော့ဂ် အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဝီလီယံ ဂျက်ဖာဆန် ဟော့ဂ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁) ကော်လံ(၁)ပါ ပုံစာကို နိုင်ငံတော်သမ္မတက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်(အစား) နိုင်ငံတော်သမ္မတက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား မဟာသီရိသုဓမ္မဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၆ ရက်)

အောင်စေ၊ အောင်စေ အောင်ဘာလေ

လောက၌ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့သည် ဒွန်တွဲနေသကဲ့သို့ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းတို့သည်လည်း ဒွန်တွဲလျက်ရှိ၏။ လူတိုင်းလူတိုင်းတို့သည်ကား ဆင်းရဲခြင်းကိုမလိုလားကြ။ ဆင်းရဲမည်ဆို ကြောက်ကြ၏။ ဆင်းရဲတွင်းမှလွတ်ကင်းရန်သာ ကြိုးစားကြ၏။

လူတို့အနေဖြင့် ဆင်းရဲခြင်းမှလွတ်ကင်းအောင်ကြိုးစားကြရာတွင် အချို့ကား လက်တွေ့နှင့်ဘဝကို ပေါင်းစပ်ပြီး ဘဝတိုးတက်မှုရရန် ရုန်းကန်ကြိုးစားကြသည်။ အချို့မှာမူ ကံကံ၏အကျိုးကို ယုံကြည်ကိုးစားကြ၏။ လုံထမ်းလာသည်ကို မြင်ရသော်လည်း ကံထမ်းလာသည်ကို မမြင်ရဟူသော မြန်မာဆိုရိုးစကားရှိ၏။ ကံ၏အကျိုးကိုယုံကြည်ကြသဖြင့် ကံစမ်းကြ၏။ ထီထိုးခြင်းသည် ကံစမ်းခြင်းတစ်မျိုးဖြစ်၏။

ယခုအခါ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက လစဉ် ၁ ရက်နေ့တိုင်း ဖွင့်လှစ်ပေးသည့် အောင်ဘာလေသိန်းဆုကို အထူးဆုကြီးအဖြစ် ကျပ်သိန်း ၁၀၀၀ မှ ကျပ်သိန်း ၁၅၀၀ သို့ တိုးမြှင့်၍ အကြိမ်စဉ်အလိုက် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပန်းသတင်းလေညင်းဆောင်၊ လူသတင်းလူချင်းဆောင်ဆိုသလို ထီထိုးသူဝါသနာရှင်များအတွက် ယင်းသတင်းစကားသည် သတင်းကောင်းတစ်ပုဒ်ပင်ဖြစ်၏။ ထီဝါသနာရှင်များအတွက် ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်၏။

အဆိုပါ ကျပ်သိန်း ၁၅၀၀ အထူးဆုကြီး တစ်ဆုနှင့်အတူ ကျပ်သိန်း ၁၀၀၀ ဆုတစ်ဆု၊ ကျပ်သိန်း ၅၀၀ ဆု တစ်ဆု၊ ကျပ်သိန်း ၃၀၀ ဆု နှစ်ဆု၊ ကျပ်သိန်း ၂၀၀ ဆု လေးဆု၊ ကျပ်သိန်း ၁၀၀ မင်္ဂလာစုံတွဲ ယူနစ် ၁၅ ယူနစ်အပါအဝင် ဆုမဲပေါင်း ၁၆၁၉၃ မဲ ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ယင်းထီဖွင့်ပွဲကို လာမည့်ဖေဖော်ဝါရီ ၁ ရက်တွင် (၂၇၇)ကြိမ်မြောက်မှ စတင်ပြီး ဖွင့်လှစ်ပေးမည်ဖြစ်သည်။

လာမည့် ဖေဖော်ဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည့် အောင်ဘာလေသိန်းဆုသည် ပြီးခဲ့သည့် ဇန်နဝါရီ ၁ ရက်က ဖွင့်လှစ်ခဲ့သည့် အောင်ဘာလေထီဖွင့်ပွဲထက် ဆုမဲပေါင်း ၁၁၈၆ ဆု တိုးမြှင့်ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ထီဆုမဲများ တိုးမြှင့်ဖွင့်လှစ်ပေးခြင်းသည် ထီပေါက်မည့်အခွင့်အလမ်း များပြားလာခြင်းဖြစ်ပြီး ထီပေါက်သူဦးရေမှာလည်း များပြားလာမည်ဖြစ်သည်။ ထီဝါသနာရှင်များအနေဖြင့် အခွင့်လမ်းကောင်းတစ်ရပ်ပင်ဖြစ်သည်။

အောင်ဘာလေသိန်းဆုဌာနခွဲမှဖွင့်လှစ်ပေးမည့် အထူးဆုကြီးတန်ဖိုး ကျပ်သိန်း ၁၅၀၀ တိုးမြှင့်ဖွင့်လှစ်ပေးခြင်းကြောင့် ထီလက်မှတ်တန်ဖိုးပြောင်းလဲခြင်းမရှိဘဲ ရောင်းချပေးမည်ဖြစ်ကြောင်းလည်း သိရသည်။ ပြည်တွင်းအခွန်ဦးစီးဌာနမှ ရောင်းချပေးမည့် အောင်ဘာလေထီလက်မှတ်တစ်စောင်တန်ဖိုးသည် ကျပ် ၂၀၀ သာ ဖြစ်သည်။ ထီလုပ်ငန်းရှင်တို့အနေဖြင့် ကျပ်သိန်း ၁၅၀၀ အထူးဆုကြီး တိုးမြှင့်ဖွင့်လှစ်ပေးမည်ကို အခွင့်ကောင်းယူ၍ ထီလက်မှတ်တန်ဖိုး အဆမတန်မြှင့်တင်ရောင်းချခြင်းကား မပြုသင့်ပေ။ ထီဆိုသည်မှာ ရောင်းအားကောင်းမှ ပေါက်အားကောင်းနိုင်သည်ကို အထူးသတိပြုသင့်သည်။ အမြတ်အစွန်း များများယူခြင်းထက် နည်းနည်းယူပြီး ထီလက်မှတ် များများရောင်းသင့်သည်။

ယခုကဲ့သို့ အောင်ဘာလေသိန်းဆုများ တိုးမြှင့်ဖွင့်လှစ်ပေးခြင်းသည် ယနေ့နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ကိုလည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးရာရောက်ပေသည်။

သို့ဖြစ်ရာ ပြည်သူအပေါင်းတို့အနေဖြင့် အောင်စေအမှုကိုပြုစေမည့် အောင်ဘာလေဆုကို လစဉ်ထိုး၍ ထီများပေါက်ကြပြီး အောင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။ ။

စစ်မှုထမ်းဟောင်းများအား မှော်ဘီ၌ ချီးမြှင့်ငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီမှ မြို့နယ်အတွင်းရှိ လွတ်လပ်ရေးမော်ကွန်းဝင်များနှင့် အသက် ၈၀ နှင့်အထက် စစ်မှုထမ်းဟောင်းများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ရုံးခန်းမ၌ကျင်းပရာ ဒေသခံတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးစန်းယုနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးအေးမင်းမောင်(ငြိမ်း) က ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အခမ်းအနားတွင် လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်) ငါးဦးနှင့် (တတိယဆင့်) ငါးဦးတို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကို ဒေသခံတပ်နယ်မှူးကလည်းကောင်း၊အသက်၈၀ပြည့် စစ်မှုထမ်းဟောင်း ၅၄ ဦးတို့အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌတို့က ပေးအပ်ချီးမြှင့်သည်။ ယနေ့ ဂုဏ်ပြုပေးအပ်ချီးမြှင့်သည့် ငွေနှင့်ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၁၀ သိန်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလနေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

အုတ်တွင်းမြို့နယ်၌ လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပ

အုတ်တွင်း ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အုတ်တွင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဇန်နဝါရီ ၄ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ကျင်းပသည်။ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို အုတ်တွင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေက ဖတ်ကြားသည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများဆက်လက်ကျင်းပရာ ပိုက်ကျော်ခြင်း၊ စစ်တုရင်၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက်၊ ပြေးခုန်ပစ် စသည့်ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၅

မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ဌာနေ) ၏ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်များအား ပညာရည်ချွန်ဆုပေးပွဲနှင့် ရန်ကုန်နှင့်မော်ကျွန်း (ဌာနေ) အသင်းတို့ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်ကျွန်းမြို့ အထက(၁) မဟာဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မော်ကျွန်း (ဌာနေ) အသင်းဥက္ကဋ္ဌ ဦးသန်းမောင်၊ မြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးစိုးမြင့်တို့က အမှာစကားပြောကြားကြပြီး ဌာနေအသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာကို အသင်းဒုတိယဥက္ကဋ္ဌ ဦးစိန်လုံးက ဖတ်ကြားကာ ဌာနေအသင်းငွေစာရင်းရှင်းတမ်းကို အသင်းဘဏ္ဍာရေးမှူး ဦးအောင်ကြည်က ရှင်းလင်းတင်ပြသည်။

ထို့နောက် မော်ကျွန်း (ဌာနေ) အသင်းဝင် သက်ကြီးဘိုးဘွား ၂၁ ဦးတို့အား အသင်းသူ အသင်းသားများက လှူဖွယ်ဝတ္ထုများဖြင့်ပူဇော်ကန်တော့ကြပြီး ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦးနှင့်ပညာရည်ချွန်ဆုရရှိသူများအား မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့်အမှုဆောင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၆၅)**

မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ချမ်းမြသာစည်မြို့နယ်၌ကျင်းပ

မန္တလေး ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာကွင်းအတွင်းရှိ တောင်သူဦးထွန်းဝေ၏ ရောမင်းစပါးမျိုး ခြောက်ဧကတွင် ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက မိုးစပါး စံကွက်ရိတ်သိမ်းပွဲ ကျင်းပရာ မန္တလေးမြို့ မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းဇော်နှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးမျိုးနိုင်တို့ ကြိုးကြပ်လျက် ရိတ်သိမ်းခဲ့ပြီး ကောင်းအဆင့် စပါးတစ်ဧက တင်း ၉၀ နှုန်းထွက်ရှိခဲ့သည်။ ထို့နောက် တောင်သူ ဦးလှမြင့်၏ ရောမင်းစပါးမျိုးတစ်ဧကတွင် ဆက်လက်ရိတ်သိမ်းရာ ညံ့အဆင့်စပါးတစ်ဧက ၅၈ ဒသမ ၅၉ တင်းနှုန်း ထွက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါစပါးစံကွက်များရိတ်သိမ်းရာသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးအောင်ခိုင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမှ ဒေါ်ခင်သန်းဝင်းနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် စပါးစိုက်တောင်သူများ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၄ဝ)**

ရွှေကူမြို့၌ ပုံကျစျေးသည်များအား ချေးငွေများထုတ်ပေး

ရွှေကူ ဇန်နဝါရီ ၅

ကချင်ပြည်နယ် ရွှေကူမြို့နယ်တွင် ပုံကျစျေးသည်များအား စည်ပင်သာယာရေးဘဏ်လီမိတက်မှ ချေးငွေထုတ်ပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီက မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဖိုးပါကြွယ်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီက ငွေထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထုတ်ချေး

ထို့နောက် အမှုဆောင်အရာရှိက ပုံကျစျေးသည် ၁၀၀အား ငွေကျပ် သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

မန်စီမြို့နယ်၌ ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံပေး

မန်စီ ဇန်နဝါရီ ၅

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အဖြစ် ဒီဇင်ဘာ ၂၅ ရက် နံနက် ၇ နာရီက ပြင်ဦးလွင်ရပ်ကွက်တွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဝင်းမြင့်အောင်နှင့် လက်ထောက်တိရစ္ဆာန်ဆေးကုမှူး ဦးဒါရှီအောင်ဒွန်းတို့က ကျွဲ ၅၈ ကောင်နှင့် နွား ၇၆ ကောင်ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာ အဝင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပ

ဝါးခယ်မ ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီးစီးသည့် ကျွန်းကုန်းကျေးရွာ အဝင်လမ်းကျောက် ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးကျော်နိုင်က လမ်းသစ်ဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားပြီးနောက် တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဖောက်လုပ်

အဆိုပါလမ်းသည် အလျားပေ ၁၅၅၀ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၇၁သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၅ သိန်း စုစုပေါင်းငွေကျပ် ၉၆သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(၁၃၉)**

6-1 (02).pmd 1 1/6/2012, 2:12 AM

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗြိတိန်နိုင်ငံခြားရေးနှင့်ဓနသဟာယရေးရာဝန်ကြီး ခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဝီလီယံ ဂျက်ဖာဆန်ဟော့ဂ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံသည်။ (ယာပုံ)

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ လွတ်လပ် တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်နေမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလူမျိုးများနှင့် ပူးပေါင်းဆောင်ရွက် နေမှုတို့ကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး၊ ပြည်သူ့လွှတ်တော်နှင့် ဗြိတိန်ပါလီမန် နှစ်ရပ်အကြား အတွေ့အကြုံများ ပူးပေါင်းမျှဝေ ဆောင်ရွက်ရေးတို့အပေါ် ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက်ရောက်ကြပြီး ဧည့်သည်တော် ဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn တက်ရောက်သည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H. E. Dr. Villur Sundararajan Seshadri တက်ရောက်သည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အော်တိုကြိုးဖုန်းများကို အရစ်ကျစနစ်ဖြင့် ငါးရစ်ခွဲ၍ ငှားရမ်းခွင့်ပေးမည်

နေပြည်တော် ဇန်နဝါရီ ၅

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အော်တိုတယ်လီဖုန်း ကြိုးဖုန်းများကို ဇန်နဝါရီ ၂ ရက်မှစတင်ပြီး ငါးရစ်ခွဲ၍ငှားရမ်းခွင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ကနဦးတပ်ဆင်ခ ခြောက်သိန်းခွဲဖြင့် ငှားရမ်းသုံးစွဲခွင့်ပြုမည်ဖြစ်ပြီး ပထမ အရစ်အတွက် ငွေကျပ်သုံးသိန်းကို စာချုပ်ချုပ်ဆိုသည့်နေ့တွင် လည်းကောင်း၊ ဒုတိယအရစ်အတွက် ငွေကျပ်တစ်သိန်းကို စာချုပ်ချုပ်ဆိုပြီး၍ နှစ်လပြည့်ပြီး လဆန်း ၅ ရက်အတွင်းတွင်လည်းကောင်း၊ တတိယအရစ်အတွက် ငွေကျပ် တစ်သိန်းကို စာချုပ်ချုပ်ဆိုပြီး၍ လေးလပြည့်ပြီး လဆန်း ၅ ရက်အတွင်းတွင် လည်းကောင်း၊ စတုတ္ထအရစ်အတွက် ငွေကျပ်တစ်သိန်းကို စာချုပ်ချုပ်ဆိုပြီး၍ ခြောက်လပြည့်ပြီး လဆန်း ၅ ရက်အတွင်းတွင် လည်းကောင်း၊ ပဉ္စမအရစ်အတွက် ငွေကျပ်ငါးသောင်းကို စာချုပ်ချုပ်ဆိုပြီး၍ ရှစ်လပြည့်ပြီး လဆန်း ၅ ရက် အတွင်းတွင် လည်းကောင်း ပေးသွင်းရမည်ဖြစ်သည်။

ပထမအရစ်ငွေပေးသွင်းပြီး သုံးရက်အတွင်း တယ်လီဖုန်းများ တပ်ဆင် နိုင်ရန် စီစဉ်ထားရှိသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နီးစပ်ရာမြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းများတွင် မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖုန်းများလဲလှယ်ခြင်းအတွက် နေ့စဉ်လျှောက်လွှာများဖြင့် ဆောင်ရွက်ပေး

နေပြည်တော် ဇန်နဝါရီ ၅

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြည်သူများဆက်သွယ်မှုလွယ်ကူစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြို့ရှိ CDMA Fixed Phone (၀၁-၇၂××××)၊ CDMA Mobile Phone (၀၉-၈၀××××××)ဖုန်းများအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှစ၍ မိမိကြိုက်နှစ်သက်ရာ မိုဘိုင်းစနစ် (GSM, CDMA-450, CDMA-800) တယ်လီဖုန်းများဖြင့် လဲလှယ်ပေးလျက်ရှိသည်။

ထို့အပြင် ဆယ်လူလာမိုဘိုင်း တယ်လီဖုန်းများဖြစ်သည့် (၀၉-၉၉×××××)နှင့် (၀၉-၉၀×××××) ဖြင့်စသော တယ်လီဖုန်းများကိုလည်း ဇန်နဝါရီ ၃၁ ရက်အထိ မိမိကြိုက်နှစ်သက်ရာ မိုဘိုင်းစနစ် (GSM, CDMA-450, CDMA-800) တယ်လီဖုန်းများဖြင့် လဲလှယ်ပေးနိုင်ရေးအတွက် နေ့စဉ်လျှောက်လွှာများလက်ခံ ဆောင်ရွက်လဲလှယ်ပေးလျက်ရှိသည်။ လဲလှယ်မည့်သူများအနေဖြင့် ရန်ကုန်မြို့နှင့် နယ်မြို့ အသီးသီးရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ငွေစာရင်းဌာနတွင် ကြွေးကင်းရှင်းကြောင်းစာရွက်ရယူ၍ လဲလှယ်လိုကြောင်း လျှောက်လွှာတင် ရမည် ဖြစ်သည်။

မိုဘိုင်းတယ်လီဖုန်းများအား လဲလှယ်မည်ဆိုပါက ဖုန်းဘီလ်စာအုပ်၊ စာချုပ် မူရင်း၊ လာရောက်လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ မူရင်းတို့လိုအပ်ပြီး အဆိုပါ ဖုန်းများလဲလှယ်ပေးခြင်းကို ရန်ကုန်မြို့၌ ရွှေဂုံတိုင် (စီးပွားရေးဌာန)၊ ပန်းဆိုးတန်း (စီးပွားရေးဌာန)၊ အလုံ(စီးပွားရေးဌာန)၊ ရန်ကုန်စာတိုက်ကြီး (စီးပွားရေးဌာန)၊ လမ်း(၄၀) (စီးပွားရေးဌာန)နေရာ ငါးနေရာတွင် ဆောင်ရွက်ပေးလျက်ရှိကာ ပြည်နယ်/တိုင်းဒေသကြီးများရှိ ဆယ်လူလာဖုန်းများကိုလည်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများ၏ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးများ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာ့ရုပ်မြင်သံကြား

၆-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈:၁၅ ၈။ **ရေအောက်ကမ္ဘာဆီသို့ ငါးပြတိုက်**
၈:၂၀ ၉။ အဆိုပြိုင်ပွဲ
၈:၃၀ ၁၀။ **မြူတိမ်ကင်းသောနေ့**
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၅ ၄။ မြန်မာစာ၊ မြန်မာစကား
၄:၄၅ ၅။ နှောင်းခေတ်တေးပဒေသာ
၅:၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၀ ၈။ **စုစည်းခံစား ကမ္ဘာ့အားကစား**
၅:၃၀ ၉။ **၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၂၁)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးပြပွဲ၊ ပြိုင်ပွဲဂုဏ်ပြုတေးသီချင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လှုပ်တစ်ပြက်ဟာသများ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်** (ဒုတိယတွဲ) (အပိုင်း-၃၃)
၂၀။ **သီချင်းချစ်သူ** ထူးအယ်လ်လင်း
၂၁။ အစီအစဉ်ပြီး၏။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁/၂၀၁၂)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက် သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၁/၂၀၁၂)

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း အမှတ်(၉၇/ခ)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၄၇)ဖြစ်ပါသည်။

အမိန့်အရ

(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေး လျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင် ကရင်ဒီမိုကရက်တစ်ပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့အခမ်းအနား တီးတိန်၌ ကျင်းပ

တီးတိန် ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကိုတီးတိန်မြို့ ကမ်းဟောက် အားကစားခန်းမ၌ ဇန်နဝါရီ ၄ရက် နံနက် ၇ နာရီကကျင်းပရာ အခမ်း အနားတွင် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်က ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**



(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က တောင်ဥက္ကလာပမြို့နယ် မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်သိန်း ဖတ်ကြားစဉ်။ (၀၂၃)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Vijay Kumar Singh, PVSM, AVSM, YSM, ADC ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ စစ်သံမှူး Colonel Rajesh Kumar လည်း တက်ရောက်သည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ တပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် ဆက်ဆံမှု ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ ညအပူချိန်အနည်းငယ်လျော့နိုင်

နေပြည်တော် ဇန်နဝါရီ ၅

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်မှာ အမ်းမြို့တွင် ၈ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

● ကျောဖုံးမှ

သွင်းယူပေးခဲ့သည်။ ဒုတိယအနိုင်ဂိုးကို ကာဘာရီက ကိုက် ၃၀ အကွာမှ အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ မန်ယူတို့ ချေပဂိုးများသွင်းယူရန် ကြိုးစားခဲ့သော်လည်း ဂိုးကံခေနေခြင်းကြောင့် ဂိုးနှင့်လွဲချော်ခဲ့ရသည်။ အထူးသဖြင့် ရွန်နေကန်သွင်းသည့်ဂိုးနှင့် ဘာဘာတော့ဗ် ခေါင်းတိုက်ဂိုးတို့မှာ ဂိုးတိုင်ထိမှန်ခဲ့သဖြင့် ဂိုးမရဘဲ ဖြစ်ခဲ့ရသည်။ တတိယဂိုးမှာ ပွဲချိန် မိနစ် ၉၀ တွင် မန်ယူနောက်တန်း ကစားသမားဖီးလ်ဂျုစ်နှင့်ထိပြီး ဂိုးဝင်သွားခဲ့သဖြင့် နယူးကာဆယ်တို့ လက်ဆောင်ဂိုး ထပ်မံရရှိခဲ့ပြန်သည်။

ဦးဆောင်

မန်ယူအသင်းသည် ပြီးခဲ့သည့် ပွဲစဉ်(၁၉) တွင်လည်း ဘလက်ဘန်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ရာ ဒုတိယမြောက် ရှုံးပွဲဆက်တိုက်ကြုံခဲ့ခြင်းဖြစ်သည်။ မန်ယူတို့ ယင်းရှုံးပွဲကြုံခဲ့သဖြင့် ပြိုင်ဘက်မန်စီးတီးနှင့် သုံးမှတ်ပြန်ကွာသွားသည်။ မန်စီးတီးအသင်းသည် လီဗာပူးအသင်းကို သုံးဂိုးပြတ်ဖြင့်နိုင်ပြီး ရမှတ် ၄၈ မှတ် ရရှိကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေသည်။

ပြန်လည်နိုးထလာ

အဲဗာတန်အသင်းနှင့် ဘော်လ်တန်အသင်းတို့ ကစားသည့်ပွဲတွင် ဒေးဗစ်ဘန်ဂေါ့နှင့် ဂယ်ရီကာဟေးလ်တို့၏ ဂိုးများဖြင့် ဘော်လ်တန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဘော်လ်တန်အသင်းသည် ယင်းပြိုင်ပွဲအနိုင်ရလိုက်သဖြင့် တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရေးအတွက် ပြန်လည်နိုးထလာခြင်းဖြစ်သည်။

(အင်တာနက်)

◆ ကျောဖုံးမှ

၂၀ နှစ်အထက်မှ ၃၀ နှစ်အထိ ပြစ်ဒဏ်မှ ထောင်ဒဏ်၂၀နှစ်သို့ ပြောင်းလဲသတ်မှတ်ခံရသူ အကျဉ်းသား ၂၃၀၀ ဦး၊ အကျဉ်းသူ ၄၀၂ ဦး စုစုပေါင်း ၂၇၀၂ ဦးနှင့် ထောင်ဒဏ် ၂၀နှစ်အောက် ပြစ်ဒဏ်မှ ထောင်ဒဏ်၏လေးပုံတစ်ပုံအား လျှော့ရက်အဖြစ် ခံစားခွင့်ရရှိသူ အကျဉ်းသား ၂၉၈၅၅ ဦး၊ အကျဉ်းသူ ၅၂၅၆ ဦး စုစုပေါင်း ၃၅၁၁၁ ဦးရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီ ပြပွဲဆိုင်ရာလုပ်ငန်းများ ပြန်လည်သုံးသပ်ညှိနှိုင်း စည်းဝေး

နေပြည်တော် ဇန်နဝါရီ ၅

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီ၏ ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဆိုင်ရာလုပ်ငန်းများ ပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြပွဲဗဟိုကော်မတီ နာယကအဖွဲ့ဝင်များဖြစ်ကြသည့် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပြပွဲဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြပွဲဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ပြပွဲဆိုင်ရာလုပ်ငန်းများအပေါ် သုံးသပ်ဆွေးနွေးပြောကြားပြီး ဆက်လက်ကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် ကျင်းပခဲ့ပြီးသော ပြပွဲများ၏ အတွေ့အကြုံများကို အခြေခံ၍ ယခုထက် ပိုမို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီများက ကော်မတီအလိုက်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် နောင်ပြပွဲများအတွက် ကြိုတင်ပြင်ဆင် သင့်သည်များကိုလည်းကောင်း၊ တက်ရောက်လာကြသူများက မြန်မာ့ကျောက်မျက်ရတနာပြပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ ညှိနှိုင်းဆွေးနွေးတင်ပြကြရာ ပြပွဲဗဟိုကော်မတီဝင် ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် ပြပွဲဗဟိုကော်မတီနာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်တို့က အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြပွဲဗဟိုကော်မတီနယက ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နိုင်ငံတကာမှ ကျောက်မျက်ရတနာကုန်သည်များ ယခုထက်ပိုမိုအဆင်ပြေစွာ လာရောက်နိုင်ရေးအတွက် ပြပွဲများကို နိုင်ငံတကာပြပွဲကြီးများနည်းတူ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြပွဲများတွင် ကျောက်စိမ်းအချောထည်များ ပိုမိုရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြပွဲများကို နိုင်ငံတကာအဆင့်မီပြပွဲများဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပခဲ့ပြီး (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မကြာမီကာလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖျာပုံမြို့၌ မြဝတီလမ်းကတ္တရာလမ်းသစ်ဖွင့်

ဖျာပုံ ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့ ၁၇ရပ်ကွက် မြဝတီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကတ္တရာလမ်းသစ်မုခ်ဦး၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ မြဝတီကတ္တရာလမ်းသစ်အား World Vision(Myanmar)နှင့် ပြည်သူများ၏ ထည့်ဝင်ငွေ ၂၄၈ ဒသမ ၉ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လမ်းမှာအရှည် ပေ ၂၃၀၀၊ အကျယ် ၁၂ ပေ ၆ လက်မ ရှိကြောင်းသိရှိရသည်။

(၀၇၁)

ကလေးစွမ်းရည် ပြိုင်ပွဲကျင်းပ

ဗန်းမော် ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်က ဗန်းမော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဗန်းမော်မြို့ အလယ်ရပ်ရပ်ကွက် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် ကလေးစုစုပေါင်း ၄၂ဦး ပါဝင်ယှဉ်ပြိုင်ရာ အမြွှာအတွဲ သုံးတွဲ အပါအဝင်ကလေး ၁၈ ဦးဆုရရှိခဲ့သည်။

ကျင်းပ

ဆုရရှိသူ ကလေးနှင့်မိခင်များကို ဇန်နဝါရီ ၄ ရက်တွင် ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆုပေးပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

(၁၂၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ထံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ယမန်နေ့မှအဆက်

ဆော်ဒီအာရေဗျနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံသို့ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်အဗ္ဗဒူလာဘင်အဗ္ဗဒူလ်အဇစ်အယ်လ်ဆာအုဒ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဆော်ဒီအာရေဗျအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ နှုတ်ခွန်းဆက်သပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ သာယာဝပြောစေရန်လည်းကောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်လည်းကောင်း ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံသို့ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေး ဝန်ကြီး မင်းသား နာရပ်ဖ်ဘင်အဗ္ဗဒူလ်အဇစ်အယ်လ်ဆာအုဒ်ကလည်း ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

သြစတြီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံသို့ သြစတြီးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဟိန်နဇ်ဖစ်ရှာက ဝမ်းမြောက် ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာ နိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများ တောင်းပါ ကြောင်း၊ အနာဂတ်ကာလတွင် မြန်မာနိုင်ငံတိုးတက်ဖွံ့ဖြိုးစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံသို့ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာမွတ်အာမက်ဒီနီဂျက်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ် မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အီရန်အစိုးရနှင့် ပြည်သူများကိုယ်စား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ မြန်မာနှင့် အီရန်နှစ်နိုင်ငံအကြား အနာဂတ်ကာလတွင် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ် သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး အဆွေတော် ၏ ကြိုးစားအားထုတ်မှုများအောင်မြင်မှုရရှိစေရန်နှင့် အဆွေတော်နှင့်တကွ မြန်မာ နိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများ တောင်းပါ ကြောင်း ဖော်ပြပါရှိသည်။

အစ္စရေးနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံသို့ အစ္စရေးနိုင်ငံသမ္မတ ရှီမွန်ပီရက်စ်ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး နေ့ အခါသမယတွင် အစ္စရေးအစိုးရနှင့်ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက် ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ မြန်မာနိုင်ငံတိုးတက်မှုများဆက်လက် ရရှိစေ ရန်နှင့် အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

အီဂျစ်နိုင်ငံ

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အီဂျစ်နိုင်ငံတပ်မတော် ဦးသျှောင်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မိုဟာမက်ဟူစိန်တန်တဝီထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အီဂျစ်အစိုးရနှင့် ပြည်သူများ ကိုယ်စား မိမိအနေဖြင့်အဆွေတော်နှင့် မြန်မာပြည်သူများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည် ပါကြောင်း၊ ၁၉၅၃ ခုနှစ်မှစတင်ခဲ့သည့် အီဂျစ်-မြန်မာဆက်ဆံရေးသည် တိုးတက် ကောင်းမွန်လာခဲ့ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန် ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရွှန်တန်စန်းထံမှ ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး နေ့အခါသမယတွင် ဗီယက်နမ်အစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်း မြောက်ကြောင်း နှုတ်ခွန်းဆက်သပါကြောင်း၊ အဆွေတော်၏ ခေါင်းဆောင်မှုအောက် တွင် မြန်မာနိုင်ငံ တိုးတက်ပြောင်းလဲမှုများနှင့်အောင်မြင်မှုများရရှိမည်ဟု ယုံကြည် ပါကြောင်း၊ မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံအကြား နှစ်ပေါင်းရှည်ကြာစွာ ချစ်ခင်ရင်းနှီး သော ဆက်ဆံရေးအပေါ် အားရကျေနပ်လျက်ရှိပါကြောင်း၊ အဆိုပါ ဆက်ဆံရေး ကို မျိုးဆက်သစ်များအထိ လက်ဆင့်ကမ်းဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ တကာနှင့်ဒေသတွင်း၌ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်ရေးတို့ ပိုမိုဖြစ် ထွန်းစေရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများ တောင်း ပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

တစ်ဖန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်အင်မင်းကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(ဆက်လက်ဖော်ပြမည်)

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ရုရှားအရှေ့ပိုင်း၌ အာကာသမှကျဆင်းလာသော ကျောက်တုံးတစ်တုံးတွေ့ရှိ

မော်စကို ဇန်နဝါရီ ၅

ရုရှားနိုင်ငံအရှေ့ပိုင်း ကောယက်စ်တောင်တန်းပေါ်တွင် မကြာမီက သုတေသနပညာရှင်များ တွေ့ရှိခဲ့သည့် အစိုင်အခဲတစ်ခုသည် အာကာသမှကျဆင်းလာသော ကျောက်တုံးတစ်တုံးဖြစ်ကြောင်း ဇန်နဝါရီ ၅ ရက်၌ ရုရှား သုတေသနပညာရှင်များက ပြောကြားသည်။ (ဓာတ်ပုံ)

အဆိုပါကျောက်တုံးကို သုတေသနပြုလေ့လာခဲ့ရာ ကြေးနီနှင့်အလူမီနီယံဓာတ်များ ကြွယ်ဝစွာပါဝင်သည့် အပြင် ထူးခြားသော ရေဒီယိုအက်တမ်များဖြင့် ဖွဲ့စည်းထားမှုကို တွေ့ရှိခဲ့ကြသည်။ ထိုသို့ အက်တမ်များပါဝင်မှုသည် ကမ္ဘာ မြေရှိ ပုံမှန်ကျောက်တုံးနှင့် အစိုင်အခဲများ၌ ပါဝင်မှုထက် ပိုမိုပါဝင်နေသည်။

ယင်းကျောက်တုံး၏အရွယ်အစားမှာ ဘောလုံးတစ်လုံး၏ အရွယ်အစားခန့်ရှိပြီး သံမဏိနှင့်သတ္တုတို့ ပေါင်းစပ် ပြုလုပ်ထားသည့် သတ္တုအစိုင်အခဲတစ်ခုကဲ့သို့ ပုံသဏ္ဌာန်ရှိသည်။ သဘာဝအစိုင်အခဲဖြစ်စဉ်များနှင့် မတူညီသော ကျောက်တုံး ဖြစ်ကာ လေ့လာသုတေသနပြုမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ ကျောက်တုံးအတွင်းပိုင်း၌ အာကာသတွင်ဖြစ် ပေါ်နေသည့် ရောင်ခြည်အချို့ကို တွေ့ရှိရကြောင်း၊ အာကာသရှိ ဂြိုဟ်နှင့် ကြယ်တာရာတို့မှ ပဲ့ထွက်လာသော အစိတ်အပိုင်းတစ်ခုဖြစ်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်၌ အမြွှာအညီအစ်မနှင့် ညီအစ်ကို နှစ်ဟောင်းနှင့် နှစ်သစ်ဦးတို့၌ မွေးဖွားခဲ့ကြ

နယူးယောက် ဇန်နဝါရီ ၅

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်နှင့် နယူးယောက်ပြည်နယ်တို့တွင် ၂၀၁၁ ခုနှစ် နောက်ဆုံးအချိန်နှင့် ၂၀၁၂ ခုနှစ်အစ နှစ်သစ်ကူးအချိန်တို့၌ အမြွှာကလေးငယ်များ မွေးဖွားခဲ့ကြကြောင်း အမေရိကန်အရာရှိများက ဇန်နဝါရီ ၅ ရက်၌ သတင်းထုတ်ပြန်သည်။

ဖလော်ရီဒါပြည်နယ် တမ်ပါအထွေထွေဆေးရုံတွင် ဂျိဳ့စ်လန်းအမည်ရှိအမျိုးသမီးတစ်ဦးက အမြွှာမိန်းကလေးနှစ်ဦးအနက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီ ၅၉ မိနစ်၌ ဂျန်နာဘီရာအမည်ရှိ သမီးငယ်တစ်ဦးကို မွေးဖွားခဲ့ကြောင်း တမ်ပါအထွေထွေဆေးရုံမှ ဆရာဝန်များက ပြောကြားသည်။ အဆိုပါရင်သွေးငယ်သည် ဖလော်ရီဒါပြည်နယ်၏ ၂၀၁၁ ခုနှစ် နောက်ဆုံးမွေးဖွားသည့် ရင်သွေးဖြစ်သည်။

ဆက်လက်ပြီး ဂျန်နာဘီရာ၏ ညီမဖြစ်သူ လန်နဲ့ဂျ်ဘီရာအား ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၁၂ နာရီ ၁ မိနစ်တွင် မွေးဖွားခဲ့သည်။ အမြွှာညီမနှစ်ဦး ဖြစ်သော်လည်း နှစ်ဟောင်းကုန်ချိန်၌ တစ်ဦးနှင့် နှစ်သစ်ကူးစအချိန်၌ တစ်ဦး မွေးဖွားလာခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် နယူးယောက်ပြည်နယ် ဘူဖာလိုမြို့ရှိ အမျိုးသမီးနှင့်ကလေးဆေးရုံ၌ အမြွှာညီအစ်ကိုနှစ်ဦးကို မွေးဖွားခဲ့ရာ အစ်ကိုဖြစ်သူအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီ ၃၇ မိနစ်၌ မွေးဖွားခဲ့ပြီး ညီဖြစ်သူအား ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ဝ နာရီ ၁၀ မိနစ်၌ မွေးဖွားခဲ့ရာ နယူးယောက်ပြည်နယ်တွင် ၎င်းတို့ အမြွှာညီအစ်ကိုနှစ်ဦးမှာ ၂၀၁၁ ခုနှစ် နောက်ဆုံးမွေးဖွားသည့်ကလေးနှင့် ၂၀၁၂ ခုနှစ် ပထမဆုံး မွေးဖွားလာသည့် ကလေးများအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

(အင်တာနက်)

လွတ်လပ်ရေးနေ့အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ကျင်းပ

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က ကန်ကြီးထောင့်မြို့နယ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မင်္ဂလာဒုံမြို့နယ် အထက(၃)အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)



(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က သာယာဝတီမြို့ လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုး ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်း ဖတ်ကြားစဉ်။ (ဝ၂ဝ)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က လှိုင်မြို့နယ်၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုး ဖတ်ကြားစဉ်။ (၁၂၂)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အထက(၁) လသာဗဟိုစံပြ ခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးခေါင်းဆောင်သောအဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား လာရောက်တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဝီလီယံ ဂျက်ဖာဆန်ဟော့ဂ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာ ဝီလီယံ ဂျက်ဖာဆန်ဟော့ဂ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အဆိုပါ ဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ တိုးမြှင့်နိုင်ရန်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့ရောက်ရှိပြီး ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား အိန္ဒိယသံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် အိန္ဒိယနိုင်ငံမှ လှူဒါန်းမည့် ဗုဒ္ဓဆင်းတုတော်တစ်ဆူအား မြန်မာနိုင်ငံတွင် အပူဇော်ခံနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံ ကျင်းပနိုင်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

၂၀၁၁-၂၀၁၂ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ထူးချွန်ကျောင်းသား ကျောင်းသူများက ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အထက(၁၄)မှ ကျောင်းသူများက စုံညီပွဲတော်ဒိုးပတ်ပျော် သီချင်း၊ အထက(၂၂)မှ ကျောင်းသူများက ပန်းဖွားအက၊ အထက(၁၆)မှ ကျောင်းသား ကျောင်းသူများက အလံအကနှင့် အားကစားပြိုင်ပွဲ၌ ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများက ဝူရှူးကကွက် ငါးမျိုးတို့ဖြင့် သရုပ်ပြဖျော်ဖြေကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားပြောကြားပြီး ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နိုင်ငံတော်အဆင့် (၁)မှ (၁၀) အတွင်းနှင့် တိုင်းဒေသကြီးအဆင့် ဝိဇ္ဇာဘာသာတွဲ၌ ပထမဆုရရှိကြသူများအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အတန်းအလိုက် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပညာရေးသင်ထောက်ကူပြခန်း၊ သိပ္ပံခန်း၊ အိမ်တွင်းမှုနှင့် လက်မှုအနုပညာပြခန်း၊ မီဒီယာပြခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့ အခမ်းအနား ပဲခူးတိုင်းဒေသကြီး၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄နာရီ မိနစ်၂၀တွင် ပဲခူးမြို့ ရွှေမော်ဓော ဘုရား ယာဉ်ရပ်နားကွင်း၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးသွားသော ရဲဘော်အပေါင်းတို့အား အလေးပြုပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။ **(အပေါ်ပုံ)**

ဆုချီးမြှင့်

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ မီနီမာရသွန်နှင့် အမျိုးသားတာဝေး အပြေးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနား ကချင်ပြည်နယ် မြစ်ကြီးနား၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အဆောက်အအုံရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့်ဇနီး ဒေါ်ကံဆီးဆိုင်းလုံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းတို့မှ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။ ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားပြီး **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့သွားရောက်ကြပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကျင်းပသည့် ပညာရည်ချွန်ဆုပေးပွဲ၊ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများသို့ တက်ရောက်အားပေး၍ ဆုရရှိသူတို့အား ဆုများချီးမြှင့်ကြသည်။ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်အားကစားကွင်း၌ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်ပြိုင်ပွဲများနှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့အခမ်းအနား တောင်ငူ၌ ကျင်းပ

တောင်ငူ ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို တောင်ငူမြို့ ဘောလုံးအားကစားပြိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမင်းထွန်းက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အဋ္ဌနာဋိယသုတ်
၅:၂၀	MRTV-4 သတင်း
၅:၄၀	**အမေရိကမှ ပိုနာသည်** တရားတော် (ဆရာတော် ဦးသုခေမိတ)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၈)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ**(အပိုင်း-၃၁)
၈:၄၅	Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၉)
၈:၅၀	ပုသိမ်မြို့ အထက(၁) ယခင် ဟိုက်စကူးကျောင်း၏ အာစရိယပူဇော်ပွဲ
၉:၁၀	အထက(၆)ဗိုလ်တထောင် ယခင် (စိန့်ပေါလ်)ကျောင်း မြတ်ဆရာပူဇော်ပွဲနှင့် ဂီတပဒေသာကပွဲ
၉:၁၅	ထိခိုက်ရှနာ ဒဏ်ရာများအတွက် ကာကွယ်ပေးမည့် Hansaplat
၉:၃၀	Movie Talk **ရုပ်ရှင်ထူးချွန်ဆုသမိုင်း** (ဒါရိုက်တာ-ကြည်စိုးထွန်း) (အပိုင်း-၁)
၉:၅၅	အထက ရွှေတောင်မော်၏ မြတ်ဆရာပူဇော်ပွဲ
၁၀:၁၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၂၅	Fashion Week (တော်ဝင်သူ) (အပိုင်း-၄)
၁၀:၄၅	Activities in the City Yangon Tractor in Association with Escort စာနယ်ဇင်းမိတ်ဆက်ပွဲ
၁၁:၀၀	သူတို့ပြောတဲ့သူတို့အကြောင်း ဦးနန်းဝင်း (အပိုင်း-၁)
၁၁:၃၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၆)
၁၂:၁၀	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၁) ပါမောက္ခ ဒေါက်တာ ချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ
၁၂:၃၅	ဗထူးတပ်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဧကာဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ
၁:၀၀	**အမေရိကမှ ပိုနာသည်** တရားတော် (ဆရာတော် ဦးသုခေမိတ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Style ရှိမှ Star ဖြစ်မယ်
၃:၁၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၈)
၄:၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၁)
၅:၀၀	Activities in the City အထက(၃)ဗိုလ်တထောင်၏ မြတ်ဆရာပူဇော်ပွဲ
၅:၁၀	မေတ္တာဖြင့် ဖေးမကူ UIT ၏ အလှူ
၅:၃၀	MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၆)
၆:၀၀	MRTV -4 သတင်း
၆:၁၅	Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၂၀)
၆:၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၉)
၇:၂၀	လူရွှင်တော် 5 Star အငြိမ့် (အပိုင်း-၁)
၈:၀၀	MRTV -4 သတင်း
၈:၃၀	Road To Four Flavours Show
၈:၄၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးချဉ်စပ်ကြော်နှင့် ဝက်သားလုံးဟင်းချို)
၉:၀၅	Quiz Idol
၉:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၂)
၁၀:၃၀	အနုပညာမိုးကောင်းကင်
၁၀:၅၀	MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၇)
၁၁:၂၀	The Champion of Dance
၁၁:၅၅	**ပိုင်-မောင်း-ရောင်း ဘသောင်း** နေရိုင်း၊ ကျော်ဇေယျ၊ ဆုရွှန်းလဲ့ (ဒါရိုက်တာ- မျိုးဇော်အောင်)
၁၂:၃၅	Intellectual Talk (လူထုကျန်းမာရေးအတွက် နိုင်ငံကြီးသားများ၏ အခန်းကဏ္ဍ) (ဒေါက်တာ ခင်မောင်လွင်၊ ကိုကိုလှိုင်)
၁:၁၅	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ ကလေးတို့အကြိုက် ဂျယ်လီ ပြုလုပ်နည်း
၁:၂၀	VJ Choice
၁:၄၅	ကန္တာရဝတီ၏ ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့…
၁:၅၅	World of knowledge (Mega Structures; Ice Breaker)
၂:၄၅	စွမ်းအင်တို့ရဲ့နှိုးစက် ကခုန်ခြင်းနှင့် အားကစား
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	ဖန်ခါးမြေမှ ရတနာ
၄:၁၅	အဖိုးတန်သော သဘာဝ သယံဇာတမြေ ဟူးကောင်း
၄:၃၀	နံနက်ခင်းအလှ
၄:၄၀	ဘဝဆည်းဆာ အလှရှင်များ၏ နားခိုရာ
၅:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် နောင်ရိုးစာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီတွင် ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ နောင်ရိုးစာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ရာ ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးဟန်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖ ဦးအောင်ခ (နောင်ရိုးမိသားစု)က ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာအုပ်စာစောင်များ၊ တိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စောမူနှင့် တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာနမှူး ဦးကျော်တင့်တို့က စာအုပ်စာစောင်များ၊ နောင်ရိုး (မိသားစု)က ငွေကျပ် ၁၀ သိန်း၊ ခရိုင်အတွင်းရှိ မြို့နယ်များက ငွေကျပ် ၁၀ သိန်း၊ ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုနှင့် စေတနာရှင်အလှူရှင်များက စာအုပ်စာစောင်များကို ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးဝင်းကိုကို၊ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးဟန်နှင့် ဦးအောင်ခ(နောင်ရိုးမိသားစု)တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ရှမ်းပြည်နယ် တောင်ကြီးမြို့၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အဝေရာကုန်းသာယာ (မီးပုံးပျံ)ကွင်း၌ ကျင်းပသည်။

အလေးပြု

ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တိုင်းရင်းသားပြည်သူများသည် အခမ်းအနားသို့ စစ်ကြောင်းများဖြင့် ချီတက်ကာ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဖတ်ကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ပြသ

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ပြည်သူ့အားကစားကွင်းများ၌ မီနီမာရသွန်အပြေးပြိုင်ပွဲ၊ ဂိုးကျဉ်းဘောလုံးပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ချောတိုင်တက်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသည့်အပြင် မြစပယ်ခန်းမ၌ "သစ္စာပြတင်း" ပန်းချီပြပွဲများကို ဇန်နဝါရီ ၄ ရက်မှ ၆ ရက်အထိ ပြသကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ပညာရေးစုံညီပွဲတော် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသော တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဖွင့်လှစ်ပေး

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ၂၀၁၂ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်သို့ တက်ရောက်ကြရာ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူလေးများက ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ပညာရေးလှုပ်ရှားမှုပြခန်းများ၊ အိမ်တွင်းမှုပြခန်း၊ မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေးပြခန်း၊ ထုံးဝလေ့ပြခန်း၊ ICT ပြခန်း၊ သင်ကြားမှု သင်ယူမှု အထောက်အကူပြုပြခန်းများနှင့် မုံရွာမြို့ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ သရုပ်ပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုလည်း ဆုများချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် မြောင်မြို့နယ် ငါးမြောင်တောင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ရွှေသရဖူကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးပညာရေးမှူး ဦးမြင့်စိုးနှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးအောင်ချိုဝင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။

ရွှေသရဖူ ကျောင်းဆောင်သစ်သည် အလျားပေ ၄၀၊ အနံ ၁၅ ပေနှင့် အမြင့် ၁၂ ပေရှိ အုတ်ညှပ် တစ်ထပ်ဆောင်ဖြစ်ပြီး စုစုပေါင်းငွေကျပ် ၃၈၂ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ထောက်ပံ့ပေးအပ်

ထိုမှတစ်ဆင့် မြောင်မြို့နယ် ရွှေပန်းကျွန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပညာပါရမီ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ပညာပါရမီ ကျောင်းဆောင်သစ်သည် အလျား ၄၂ ပေ၊ အနံ ၁၅ ပေနှင့် အမြင့် ၁၂ ပေရှိ အုတ်ညှပ် တစ်ထပ်ဆောင်ဖြစ်ပြီး စုစုပေါင်းငွေကျပ်သိန်း ၁၈၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၆-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅	၃။	နိုင်ငံတော်သီချင်း
၇း၁၀	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	ဇာတ်လမ်းတို

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၃	၄။	အဖွင့်သီချင်း
၄း၀၅	၅။	မျိုးချစ်တပ်မတော်
၄း၁၀	၆။	မဟာဂီတချိုကြည်မြ
၄း၂၀	၇။	ဇာတ်လမ်းတို
၄း၂၅	၈။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၅	၁၀။	အိုင်စီတီသုတ
၄း၅၅	၁၁။	အားလုံးရဲ့တာဝန်
၅း၁၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၃။	**လည်မယ်...စားမယ် ကမ္ဘာတစ်ခွင်ဝယ်**
၆း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၆။	**ရှာ** ဟာသဇာတ်လမ်းတွဲ အပိုင်း(၁၃၀) ပြိုင်ပွဲဝင် အမှတ်စဉ်(၃) အိုင်းလောင်၊ စုစုစိုးစံ၊ ငွေမိုးနှင့် သရုပ်ဆောင်များ
၆း၄၅	၁၇။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ကောင်းကင်** (အပိုင်း-၄၄)
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဒို့တာဝန်အရေး(၃)ပါး
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	ယနေ့ရန်ကုန်မြင်ကွင်းစုံ
	၂၅။	စိုက်ပျိုးသုတ
	၂၆။	သံစဉ်များနှင့် ကမ္ဘာ
	၂၇။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဆန်ကိုနှင့်၍** (အပိုင်း ၂၇)

တောင်ညွန့် အလက(၂) ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၅

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရေးနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် ကျောင်းခန်းမဆောင်၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွန့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးလှဘော်တို့က အမှာစကား အသီးသီး ပြောကြားကြပြီး ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် မိဘဆရာအသင်းသို့ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပြီး **(အောက်ပုံ)** ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရှိရသည်။

(ပညာရေး)

အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့ကကြီးမှူး၍ အခြေခံ အမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း (၁/၂၀၁၂) ကို ဇန်နဝါရီ ၁၆ ရက်မှ စတင်၍ နှစ်လကြာ သင်ကြားပို့ချမည် ဖြစ်သည်။

သင်ကြားပို့ချမည်

သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့် အောင်သပြေလမ်းကြား) တိုက်အမှတ် (P) အခန်းအမှတ် (၀၀၅) (၅)လွှာ၌ သင်ကြားပို့ချမည်ဖြစ်သည်။

လျှောက်ထားနိုင်

သင်တန်းသူဦးရေ ၂၀ သာ လက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ်(၁၀၁) KSS နတ်သုဒ္ဓါဒံပေါက်ဆိုင်၌ ရယူ၍ ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း၊ ဖုန်း-၂၀၃၂၈၉ သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က တာမွေမြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း ဖတ်ကြားစဉ်။ (၀၄၄)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အလုံမြို့နယ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

အမိန့်ကြော်ငြာစာအမှတ် (၁ /၂၀၁၂)

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟုခေါ်တွင် စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၆ တွင် အောက်ပါရှင်းလင်းချက်ကို ဖြည့်စွက်ရမည် -

"ရှင်းလင်းချက်။ (၁) လွှတ်တော်သက်တမ်း တစ်ရပ်စီအတွက် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးသည့်နောက်ပိုင်းတွင် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် ယင်းလွှတ်တော်သက်တမ်းအတွင်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်လျှင်ဖြစ်စေ၊ မဲဆန္ဒနယ် သုံးနယ်ထက်မနည်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ အနည်းဆုံးမဲဆန္ဒနယ် သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်လျှင်ဖြစ်စေ ယင်းသို့ဝင်ရောက်ယှဉ်ပြိုင်မှုမပြုခြင်းသည် ဤနည်းဥပဒေနှင့် အကျုံးဝင်စေရမည်။

(၂) ပါတီတစ်ခုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ဖြစ်ပြီး မိမိစည်းရုံးရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း၌ ကြားဖြတ်ရွေးကောက်ပွဲ မရှိပါက အထက်ပါရှင်းလင်းချက်(၁)နှင့် အကျုံးမဝင်စေရ။ သို့သော် မဲဆန္ဒနယ်သုံးနယ်ထက်နည်း၍ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပါက ထိုမဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်။"

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၂၁ တွင် အောက်ပါအတိုင်းအစားထိုးရမည် -

"၂၁။ ပါတီတစ်ခုသည် အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ မိမိပါတီကို ကိုယ်စားပြု၍ ရွေးကောက်ခံသောကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ရွေးကောက်ပွဲအသုံးစရိတ်ငွေ ကျပ်သိန်း တစ်ရာအထိ သုံးစွဲနိုင်သည်။ အဆိုပါ ရွေးကောက်ပွဲအသုံးစရိတ်ငွေကို ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်း၏ တရားဝင်ရရှိသော ငွေမှလည်းကောင်း၊ တရားဝင်ရရှိထားသည့် ပါတီရန်ပုံငွေမှလည်းကောင်း ကျခံသုံးစွဲနိုင်သည်။ ယင်းအသုံးစရိတ်စာရင်းများကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်။"

၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ [ပုံစံ (က)၏ပူးတွဲ] တွင် စာပိုဒ် ၄ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

" ၄။ (ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပါမည်။"

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

အမိန့်ကြော်ငြာစာအမှတ် (၃ / ၂၀၁၂)

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် -

(က) နည်းဥပဒေ ၁၄ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ နည်းဥပဒေ ၁၁ (ဃ)တွင် မည်သို့ပင်ဆိုထားစေကာမူ -

(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏ အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိလျှင် နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ထိုအမည်များကို ရွေးကောက်ပွဲ မကျင်းပမီ ခုနစ်ရက်ထက် နောက်မကျစေဘဲ နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။"

(ခ) နည်းဥပဒေ ၁၅ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ (ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲစာရင်းမိတ္တူကိုကူးယူခွင့်ပြုရန် လျှောက်ထားလာပါက -

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးက လျှောက်ထားခြင်းဖြစ်လျှင် မဲစာရင်းမိတ္တူတစ်စုံကို အခမဲ့ကူးယူခွင့်ပြုနိုင်သည်။

(၂) အခြားသူ တစ်ဦးဦးက ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် တစ်မျက်နှာလျှင် ငွေကျပ် ၂၀၀ နှုန်း ပေးသွင်းစေ၍ ကူးယူခွင့်ပြုနိုင်သည်။"

(ဂ) နည်းဥပဒေ ၁၇ ပါ ပုံစံ (၅)၏ အပိုဒ် (၂)တွင် "(၁၁၀၀)နာရီမှ (၁၄၀၀)နာရီအတွင်း" ဆိုသည့် စကားရပ်အစား "ရုံးချိန်အတွင်း" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ အပိုဒ် (၅)တွင် "(၁၄၀၀)နာရီ" ဆိုသည့် စကားရပ် အစား "(၁၆၃၀)နာရီ" ဆိုသည့်စကားရပ်ကိုလည်းကောင်း အစားထိုးရမည်။

(ဃ) နည်းဥပဒေ ၁၈ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် -

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ (က)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌထံဖြစ်စေ၊ ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အတွင်းရေးမှူး သို့မဟုတ် ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အဖွဲ့ဝင် တစ်ဦးထံဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းရာတွင် ကိုယ်ရေးမှတ်တမ်း နှစ်စောင်ကိုပါ ကော်မရှင်ကသတ်မှတ်ပေးသည့် ပုံစံအတိုင်း ပူးတွဲတင်သွင်းရမည်။"

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

အမိန့်ကြော်ငြာစာအမှတ် (၂ / ၂၀၁၂)

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် -

(က) နည်းဥပဒေ ၁၄ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ နည်းဥပဒေ ၁၁ (ဃ)တွင် မည်သို့ပင်ဆိုထားစေကာမူ -

(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်း တွေ့ရှိလျှင် နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ထိုအမည်များကို ရွေးကောက်ပွဲ မကျင်းပမီ ခုနစ်ရက်ထက် နောက်မကျစေဘဲ နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။ "

(ခ) နည်းဥပဒေ ၁၅ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ (ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲစာရင်းမိတ္တူကိုကူးယူခွင့်ပြုရန် လျှောက်ထားလာပါက -

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးက လျှောက်ထားခြင်းဖြစ်လျှင် မဲစာရင်းမိတ္တူ တစ်စုံကို အခမဲ့ကူးယူခွင့်ပြုနိုင်သည်။

(၂) အခြားသူ တစ်ဦးဦးက ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် တစ်မျက်နှာလျှင် ငွေကျပ် ၂၀၀ နှုန်း ပေးသွင်းစေ၍ ကူးယူခွင့်ပြုနိုင်သည်။"

(ဂ) နည်းဥပဒေ ၁၇ ပါ ပုံစံ (၅)၏ အပိုဒ် (၂)တွင် "(၁၁၀၀)နာရီမှ (၁၄၀၀)နာရီအတွင်း " ဆိုသည့် စကားရပ်အစား "ရုံးချိန်အတွင်း" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ အပိုဒ် (၅)တွင် " (၁၄၀၀)နာရီ" ဆိုသည့်စကားရပ်အစား "(၁၆၃၀)နာရီ" ဆိုသည့်စကားရပ်ကိုလည်းကောင်း အစားထိုးရမည်။

(ဃ) နည်းဥပဒေ ၁၈ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည်-

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ (က)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌထံဖြစ်စေ၊ ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အတွင်းရေးမှူး သို့မဟုတ် ဥက္ကဋ္ဌကတာဝန် လွှဲအပ်ထားသော အဖွဲ့ဝင်တစ်ဦးထံဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းရာတွင် ကိုယ်ရေးမှတ်တမ်းနှစ်စောင်ကိုပါ ကော်မရှင်က သတ်မှတ်ပေးသည့် ပုံစံအတိုင်း ပူးတွဲတင်သွင်းရမည်။"

(င) နည်းဥပဒေ ၁၈ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ (ဂ) အမည်စာရင်းတင်သွင်းလွှာကို ပုံစံ(၆) မူရင်းနှစ်စောင်ဖြင့် တင်သွင်းရမည်။ ယင်းတင်သွင်းလွှာနှင့်အတူ ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ရွေးကောက်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေး ကျပ်ငါးသိန်းကို မိမိအမည်စာရင်းတင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်းမူရင်းကိုလည်း ပူးတွဲတင်ပြရမည်။"

(င) နည်းဥပဒေ ၁၈ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ (ဂ) အမည်စာရင်းတင်သွင်းလွှာကို ပုံစံ(၆) မူရင်းနှစ်စောင်ဖြင့် တင်သွင်းရမည်။ ယင်းတင်သွင်းလွှာနှင့် အတူ ကော်မရှင်ကသတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ရွေးကောက်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေး ကျပ်ငါးသိန်းကို မိမိအမည်စာရင်းတင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြန်မာ့စီးပွားရေး ဘဏ်ခွဲတွင် ပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်း မူရင်းကိုလည်း ပူးတွဲတင်ပြရမည်။"

(စ) နည်းဥပဒေ ၅၆ (က) (၁) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၅၆။ (က) ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက်မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍-

(၁) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များကို ကြေညာပြီးလျှင်ပြီးချင်း သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက်တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များမှအပ နည်းဥပဒေ ၅၄ ပါ အခြားဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ဖြန့်ဖြူးနိုင်ရန် ပုံစံ (၁၅)ကို သက်ဆိုင်ရာ ဌာနများသို့ပေးပို့ရမည်။ သက်ဆိုင်ရာဌာနအကြီးအမှူးက မိမိတို့ဌာနရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ပုံစံ (၁၅) များ ဖြန့်ဖြူးသည့်အခါ ယင်းပုံစံများကို မိမိထံသို့ မည်သည့်နေ့ရက် အရောက် ဖြည့်စွက်ပေးပို့ရမည်ဖြစ်ကြောင်း တစ်ပါတည်း အကြောင်းကြားရမည်။"

(ဆ) နည်းဥပဒေ ၆၆ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၆။ (င) မဲပုံးထဲမှ ထုတ်ယူရရှိသည့် ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၅၁(ဃ)အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီ၏အမည်အလိုက် သီးခြားခွဲ၍ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိသည့် ဆန္ဒမဲ အရေအတွက်ကို ပုံစံ(၁၆)ဖြင့် သုံးစောင်ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အနည်းဆုံးသက်သေ လေးဦးက လက်မှတ်ရေးထိုး၍ ပုံစံတစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကိုမဲရုံမှူး၏လက်ဝယ်တွင် ထိန်းသိမ်းထားရမည်။"

(ဇ) နည်းဥပဒေ ၆၆(င) ပါ ပုံစံ (၁၆) တွင် အများပြည်သူအသိသက်သေ အနည်းဆုံး လေးဦး လက်မှတ်ရေးထိုးနိုင်စေရန် နေရာသတ်မှတ်ဖော်ပြခြင်း၊ ယင်းပုံစံ (၁၆)၊ ပုံစံ (၁၈)နှင့် ပုံစံ (၁၉) တို့တွင် အောက်ပါအတိုင်း မှတ်ချက်များ ဖြည့်စွက် ဖော်ပြခြင်းပြုရမည် -

"မှတ်ချက်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။"

(ဈ) နည်းဥပဒေ ၆၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(က) မိမိလက်ဝယ်ရရှိထားသည့် ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ် များနှင့် အများပြည်သူများ ရှေ့မှောက်တွင် ရေတွက်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၈)တွင်ဖြည့်သွင်းရမည်။ ယင်းပုံစံ(၁၈)တွင် လွှတ်တော် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေ များနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်

(စ) နည်းဥပဒေ ၅
"၅၆။ (က)

(ဆ) နည်းဥပဒေ ၆
"၆၆။ (င)

(ဇ) နည်းဥပဒေ ၆
နေရာသတ်မှ
ဖော်ပြခြင်းပြုရ
"မှတ်ချက်။

(ဈ) နည်းဥပဒေ ၆
"၆၇။ မြို့နယ်
(က)

(ည) နည်းဥပဒေ ၆
"၆၇။ (ခ)

(ဋ) နည်းဥပဒေ ၈
"၈၃။ (က)

(ည) နည်းဥပဒေ ၆
"၆၇။ (ခ

(ဋ) နည်းဥပဒေ ၈
"၈၃။ (က)

(ဌ) နည်းဥပဒေ ၈
စကားရပ်ဖြင့်

(ဍ) နည်းဥပဒေ ၉
"၉၉။ ကန်
မဝေ
(က)
(ခ)
(ဂ)

(ဎ) နည်းဥပဒေ ၁
"၁၀၀။ ရွေး
သည

(စ) နည်းဥပဒေ ၅၆ (က) (၁) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၅၆။ (က) ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍-

(၁) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များကို ကြေညာပြီးလျှင်ပြီးချင်း သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက်တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များမှအပ နည်းဥပဒေ ၅၄ ပါ အခြားဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ဖြန့်ဖြူးနိုင်ရန် ပုံစံ (၁၅) ကို သက်ဆိုင်ရာ ဌာနများသို့ပေးပို့ရမည်။ သက်ဆိုင်ရာဌာနအကြီးအမှူးက မိမိတို့ဌာနရှိ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများထံသို့ ပုံစံ (၁၅) များ ဖြန့်ဖြူးသည့်အခါ ယင်းပုံစံများကို မိမိထံသို့ မည်သည့်နေ့ရက် အရောက် ဖြည့်စွက်ပေးပို့ရမည်ဖြစ်ကြောင်း တစ်ပါတည်း အကြောင်းကြားရမည်။ "

(ဆ) နည်းဥပဒေ ၆၆ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၆။ (င) မဲပုံးထဲမှ ထုတ်ယူရရှိသည့် ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၅၁(ဃ)အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီ၏ အမည်အလိုက်သီးခြားခွဲ၍ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိသည့် ဆန္ဒမဲ အရေအတွက်ကို ပုံစံ(၁၆)ဖြင့် သုံးစောင်ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံ အဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အနည်းဆုံးသက်သေ လေးဦးက လက်မှတ်ရေးထိုး၍ ပုံစံ တစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မဲရုံမှူး၏လက်ဝယ်တွင် ထိန်းသိမ်းထားရမည်။"

(ဇ) နည်းဥပဒေ ၆၆(င) ပါ ပုံစံ (၁၆) တွင် အများပြည်သူအသိသက်သေ အနည်းဆုံး လေးဦး လက်မှတ်ရေးထိုးနိုင်စေရန် နေရာသတ်မှတ်ဖော်ပြခြင်း၊ ယင်းပုံစံ (၁၆)၊ ပုံစံ (၁၈)နှင့် ပုံစံ (၁၉) တို့တွင် အောက်ပါအတိုင်း မှတ်ချက်များ ဖြည့်စွက် ဖော်ပြခြင်းပြုရမည် -

"မှတ်ချက်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။"

(ဈ) နည်းဥပဒေ ၆၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(က) မိမိလက်ဝယ်ရရှိထားသည့် ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများပြည်သူများရှေ့မှောက်တွင် ရေတွက်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၈)တွင်ဖြည့်သွင်းရမည်။ ယင်းပုံစံ (၁၈)တွင် လွှတ်တော်ကိုယ်စားလှယ် လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း များ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ် စေလွှတ် ဆောင်ရွက်ရမည်။"

(ည) နည်းဥပဒေ ၆၇ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၇။ (ခ) မဲဆန္ဒနယ်အတွင်းရှိ မဲရုံများ၏ မဲရုံမှူးများထံမှ ပုံစံ (၁၆) ဖြင့် ရေးသွင်းထားသော လွှတ်တော်ကိုယ်စား လှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက် (နည်းဥပဒေ ၄၆ (ခ) နှင့် (ဂ)တို့အရ ရရှိသည့် ဆန္ဒမဲများအပါအဝင်)နှင့် ပုံစံ (၁၈) အရ မိမိလက်ဝယ်ရရှိထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ကြေညာထား သည့် ကိုယ်စားလှယ်လောင်းအစီအစဉ်အတိုင်း ပုံစံ (၁၉)ဖြင့် အများပြည်သူရှေ့မှောက်တွင် စာရင်း ပြုစုရမည်။ ယင်းပုံစံ(၁၉)တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်ရမည်။ ယင်းစာရင်း တစ်စောင်စီကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ နေပြည်တော်ကော်မရှင် အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင် ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့၍ တစ်စောင်ကိုလက်ခံအဖြစ် သိမ်းဆည်းထားရမည်။"

(ဋ) နည်းဥပဒေ ၈၃ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၃။ (က) နည်းဥပဒေ ၈၀ အရ ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ အစီရင်ခံစာများအရဖြစ်စေ၊ နည်းဥပဒေ ၈၂အရ မိမိအားအရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း လျှောက်ထားချက်အရဖြစ်စေ စိစစ်၍ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူများသည် အရည်အချင်း ပျက်ယွင်းသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံစာ တင်သွင်း စေရမည်။"

(ဌ) နည်းဥပဒေ ၈၇ တွင် ပါရှိသော "ရက်ပေါင်း ၆၀ အတွင်း" ဆိုသည့် စကားရပ်ကို "၂၁ ရက် အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဍ) နည်းဥပဒေ ၉၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉၉။ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ ကော်မရှင်သို့ အယူခံမှုတင်သွင်းလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အယူခံမှုတင်သွင်းရန်အတွက် နိုင်ငံတော်က ကုန်ကျမည့် အမှုစရိတ်ငွေကျပ် ၁၀ သိန်းကို ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ် ၁၀ သိန်းပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏ ဆုံးဖြတ်ချက် မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) အယူခံမှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်းချလန်မူရင်း၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူတို့နှင့်အတူ ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း ကော်မရှင်သို့တင်သွင်းရမည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူကိုရယူ ရန် ကြာမြင့်သည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။"

(ဎ) နည်းဥပဒေ ၁၀၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၀။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့က ကြားနာစစ်ဆေးနေစဉ်အတွင်း ခုံအဖွဲ့က ချမှတ်သည့် အမိန့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူကလည်း ကောင်း ဥပဒေကြောင်းအရမှားယွင်းကြောင်း၊ ယင်းအမိန့်မှာ ဥပဒေရေးရာပြဿနာပေါ်ပေါက်ကြောင်း အကြောင်းပြလျက် ကော်မရှင်သို့ ပြင်ဆင်မှုတင်သွင်းလိုလျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ပြင်ဆင်မှုတင်သွင်းရန်အတွက် နိုင်ငံတော်ကကုန်ကျမည့် အမှုစရိတ်ငွေကျပ် သုံးသိန်းကို ကော်မရှင် က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ် သုံးသိန်းပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏အမိန့်မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) ပြင်ဆင်မှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်းချလန်မူရင်း၊ ခုံအဖွဲ့၏ အမိန့်မိတ္တူတို့နှင့်အတူ ရွေးကောက်ပွဲခုံအဖွဲ့က အမိန့်ချမှတ်သည့်နေ့မှ သုံးရက်အတွင်း ကော်မရှင်သို့တင်သွင်းရမည်။ ယင်း ကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ အမိန့်မိတ္တူကိုရယူရန် ကြာမြင့် သည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။"

(ဏ) နည်းဥပဒေ ၁၀၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၁။ ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံး ပါဝင်သည့် စုံညီခုံရုံးသည် နည်းဥပဒေ ၉၉ အရ တင်သွင်း သည့် အယူခံမှုကိုကြားနာစစ်ဆေးရာတွင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမ ကျင့်ထုံးဥပဒေအရ အယူခံမှုများကို ကြားနာစစ်ဆေးရာတွင်လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကြားနာ စစ်ဆေးရမည်။"

(တ) နည်းဥပဒေ ၁၀၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၂။ ကော်မရှင်သည် နည်းဥပဒေ ၁၀၀ အရ တင်သွင်းသည့် ပြင်ဆင်မှုကို ကြားနာစစ်ဆေးရာတွင် -

(က) ဤနည်းဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမပြင်ဆင်မှုများကို စစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေးရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးဖြင့်ဖြစ်စေ သို့မဟုတ် ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် နှစ်ဦးပါဝင်သည့် ခုံရုံးဖြင့်ဖြစ်စေ ရုံးထိုင်စစ်ဆေးနိုင်သည်။ ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နှစ်ဦးပါဝင်သည့် ခုံရုံးဖြင့် စစ်ဆေးပါက မူလခုံအဖွဲ့တွင်ပါဝင်သည့် ကော်မရှင်အဖွဲ့ဝင်များ မပါဝင်စေရ။"

(ထ) နည်းဥပဒေ ၁၀၃ ၏ အောက်တွင် နည်းဥပဒေ ၁၀၃-က နှင့် နည်းဥပဒေ ၁၀၃-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၀၃-က။ ကန့်ကွက်သူကဖြစ်စေ၊ ကန့်ကွက်ခံရသူကဖြစ်စေ ခုံအဖွဲ့ကသော်လည်းကောင်း၊ ကော်မရှင်ကသော် လည်းကောင်း ချမှတ်သည့်တရားစရိတ်ငွေကိုပေးဆောင်ရန် ပျက်ကွက်ပါက သက်ဆိုင်ရာခုံအဖွဲ့ သည် တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဒီကရီမှုအတည်ပြုခြင်းဆိုင်ရာ ကျင့်ထုံးများနှင့် အညီ ဆောင်ရွက်ရမည်။

၁၀၃-ခ။ ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း၊ ကော်မရှင်၏ ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာ ပြီးဖြစ်၍ နည်းဥပဒေ ၉၉ နှင့် ၁၀၀ တို့တွင် ခွင့်ပြုထားသည်မှတစ်ပါး ယင်းသို့ ဆုံးဖြတ်ချက်ချမှတ်ပြီး သည့် အမှုတွဲများ၏ မိတ္တူကိုကူးယူခွင့်ပြုရန် ကော်မရှင်ရုံးတွင် တာဝန်မရှိစေရ။"

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါ က ကိုယ်စားလှယ်စေလွှတ် ဆောင်ရွက်ရမည်။"

(ည) နည်းဥပဒေ ၆၇ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၇။ (ခ) မဲဆန္ဒနယ်အတွင်းရှိ မဲရုံများ၏ မဲရုံမှူးများထံမှ ပုံစံ (၁၆) ဖြင့် ရေးသွင်းထားသော လွှတ်တော်ကိုယ်စား လှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက် (နည်းဥပဒေ ၄၆ (ခ) နှင့် (ဂ)တို့အရ ရရှိ သည့် ဆန္ဒမဲများအပါအဝင်)နှင့် ပုံစံ (၁၈) အရ မိမိလက်ဝယ်ရရှိထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ် များနှင့်ပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ကြေညာ ထားသည့် ကိုယ်စားလှယ်လောင်းအစီအစဉ်အတိုင်း ပုံစံ (၁၉) ဖြင့် အများပြည်သူရှေ့မှောက်တွင် စာရင်းပြုစုရမည်။ ယင်းပုံစံ (၁၉)တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန် ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ်စေလွှတ်ဆောင်ရွက်ရမည်။ ယင်းစာရင်းတစ်စောင်စီကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့၍ တစ်စောင်ကိုလက်ခံအဖြစ် သိမ်းဆည်းထားရမည်။"

(ဋ) နည်းဥပဒေ ၈၃ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၃။ (က) နည်းဥပဒေ ၈၀ အရ ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ အစီရင်ခံစာများအရဖြစ်စေ၊ နည်းဥပဒေ ၈၂ အရ မိမိအားအရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း လျှောက်ထားချက်အရ ဖြစ်စေ စိစစ်၍ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သူများသည် အရည်အချင်း ပျက်ယွင်း သူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင် ခံစာ တင်သွင်းစေရမည်။ "

(ဌ) နည်းဥပဒေ ၈၇ တွင် ပါရှိသော "ရက်ပေါင်း ၆၀ အတွင်း" ဆိုသည့် စကားရပ်ကို "၂၁ ရက်အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဍ) နည်းဥပဒေ ၉၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉၉။ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ကော်မရှင်သို့ အယူခံမှုတင်သွင်းလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အယူခံမှုတင်သွင်းရန်အတွက် နိုင်ငံတော်ကကုန်ကျမည့် အမှုစရိတ်ငွေကျပ် ၁၀ သိန်းကို ကော်မရှင် က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ် ၁၀သိန်းပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏ ဆုံးဖြတ်ချက် မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) အယူခံမှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်းချလန်မူရင်း၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူတို့နှင့် အတူ ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း ကော်မရှင်သို့ တင်သွင်းရမည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူကိုရယူ ရန် ကြာမြင့်သည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။"

(ဎ) နည်းဥပဒေ ၁၀၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၀။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့က ကြားနာစစ်ဆေးနေစဉ်အတွင်း ခုံအဖွဲ့ကချမှတ် သည့် အမိန့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း ဥပဒေကြောင်းအရမှားယွင်းကြောင်း၊ ယင်းအမိန့်မှာ ဥပဒေရေးရာပြဿနာပေါ်ပေါက်ကြောင်း အကြောင်း ပြလျက် ကော်မရှင်သို့ ပြင်ဆင်မှုတင်သွင်းလိုလျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ပြင်ဆင်မှုတင်သွင်းရန်အတွက် နိုင်ငံတော်ကကုန်ကျမည့် အမှုစရိတ်ငွေကျပ် သုံးသိန်းကို ကော်မရှင် က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ် သုံးသိန်းပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏ အမိန့် မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) ပြင်ဆင်မှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်းချလန်မူရင်း၊ ခုံအဖွဲ့၏ အမိန့်မိတ္တူတို့နှင့်အတူ ရွေးကောက်ပွဲခုံအဖွဲ့က အမိန့်ချမှတ်သည့်နေ့မှ သုံးရက်အတွင်း ကော်မရှင်သို့တင်သွင်းရမည်။ ယင်း ကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ အမိန့်မိတ္တူကိုရယူရန် ကြာမြင့် သည့် ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။"

(ဏ) နည်းဥပဒေ ၁၀၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၁။ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးသည် နည်းဥပဒေ ၉၉ အရ တင်သွင်း သည့် အယူခံမှုကိုကြားနာစစ်ဆေးရာတွင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမ ကျင့်ထုံးဥပဒေအရ အယူခံမှုများကို ကြားနာစစ်ဆေးရာတွင်လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကြားနာ စစ်ဆေးရမည်။"

(တ) နည်းဥပဒေ ၁၀၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၂။ ကော်မရှင်သည် နည်းဥပဒေ ၁၀၀ အရ တင်သွင်းသည့် ပြင်ဆင်မှုကို ကြားနာစစ်ဆေးရာတွင်-

(က) ဤနည်းဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမပြင်ဆင်မှုများကို စစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေးရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးဖြင့်ဖြစ်စေ သို့မဟုတ် ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်နှစ်ဦးပါဝင်သည့် ခုံရုံးဖြင့်ဖြစ်စေ ရုံးထိုင်စစ်ဆေးနိုင်သည်။ ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နှစ်ဦး ပါဝင်သည့် ခုံရုံးဖြင့် စစ်ဆေးပါက မူလခုံအဖွဲ့တွင်ပါဝင်သည့် ကော်မရှင် အဖွဲ့ဝင်များ မပါဝင်စေရ။ "

(ထ) နည်းဥပဒေ ၁၀၃ ၏အောက်တွင် နည်းဥပဒေ ၁၀၃-က နှင့် နည်းဥပဒေ ၁၀၃-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၀၃-က။ ကန့်ကွက်သူကဖြစ်စေ၊ ကန့်ကွက်ခံရသူကဖြစ်စေ ခုံအဖွဲ့ကသော်လည်းကောင်း၊ ကော်မရှင်ကသော် လည်းကောင်း ချမှတ်သည့်တရားစရိတ်ငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက သက်ဆိုင်ရာခုံအဖွဲ့ သည် တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဒီကရီမှုအတည်ပြုခြင်းဆိုင်ရာ ကျင့်ထုံးများနှင့် အညီ ဆောင်ရွက်ရမည်။

၁၀၃-ခ။ ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း၊ ကော်မရှင်၏ ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာ ပြီးဖြစ်၍ နည်းဥပဒေ ၉၉ နှင့် ၁၀၀ တို့တွင် ခွင့်ပြုထားသည်မှတစ်ပါး ယင်းသို့ဆုံးဖြတ်ချက် ချမှတ်ပြီးသည့် အမှုတွဲများ၏ မိတ္တူကိုကူးယူခွင့်ပြုရန် ကော်မရှင်ရုံးတွင် တာဝန်မရှိစေရ။"

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

အမိန့်ကြော်ငြာစာအမှတ် (၄ / ၂၀၁၂)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် -

(က) နည်းဥပဒေ ၁၄ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ နည်းဥပဒေ ၁၁ (ဃ)တွင် မည်သို့ပင်ဆိုထားစေကာမူ -

(က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်းတွေ့ရှိလျှင် နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ထိုအမည်များကို ရွေးကောက်ပွဲမကျင်းပမီ ခုနစ်ရက်ထက် နောက်မကျစေဘဲ နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။"

(ခ) နည်းဥပဒေ ၁၅ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ (ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲစာရင်းမိတ္တူကိုကူးယူခွင့်ပြုရန် လျှောက်ထားလာပါက -

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးက လျှောက်ထားခြင်းဖြစ်လျှင် မဲစာရင်းမိတ္တူတစ်စုံကို အခမဲ့ကူးယူခွင့်ပြုနိုင်သည်။

(၂) အခြားသူတစ်ဦးဦးက ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် တစ်မျက်နှာလျှင် ငွေကျပ် ၂၀၀ နှုန်း ပေးသွင်းစေ၍ ကူးယူခွင့်ပြုနိုင်သည်။"

(ဂ) နည်းဥပဒေ ၁၇ ပါ ပုံစံ (၅)၏ အပိုဒ် (၂)တွင် " (၁၁၀၀) နာရီမှ (၁၄၀၀) နာရီအတွင်း " ဆိုသည့် စကားရပ်အစား " ရုံးချိန်အတွင်း " ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ အပိုဒ် (၅)တွင် " (၁၄၀၀)နာရီ " ဆိုသည့် စကားရပ်အစား " (၁၆၃၀)နာရီ " ဆိုသည့် စကားရပ်ကိုလည်းကောင်း အစားထိုးရမည်။

(ဃ) နည်းဥပဒေ ၁၈ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် -

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ (က)အရ သတ်မှတ်ထားသော မဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌထံဖြစ်စေ၊ ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အတွင်းရေးမှူး သို့မဟုတ် ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အဖွဲ့ဝင်တစ်ဦးထံဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းရာတွင် ကိုယ်ရေးမှတ်တမ်း နှစ်စောင်ကိုပါ ကော်မရှင်က သတ်မှတ်ပေးသည့် ပုံစံအတိုင်း ပူးတွဲတင်သွင်းရမည်။"

(င) နည်းဥပဒေ ၁၈ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ (ဂ) အမည်စာရင်းတင်သွင်းလွှာကို ပုံစံ(၆) မူရင်းနှစ်စောင်ဖြင့် တင်သွင်းရမည်။ ယင်းတင်သွင်းလွှာနှင့်အတူ ကော်မရှင်ကသတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေး ကျပ်ငါးသိန်းကို မိမိအမည်စာရင်းတင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်း မူရင်းကိုလည်း ပူးတွဲတင်ပြရမည်။"

(စ) နည်းဥပဒေ ၅၆ (က) (၁) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၅၆။ (က) ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက်မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍-

(၁) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် သို့မဟုတ် နေ့ရက်များကို ကြေညာပြီးလျှင်ပြီးချင်း သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့်အတူနေအိမ်ထောင်စုဝင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များမှအပ နည်းဥပဒေ ၅၄ ပါ အခြား ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ဖြန့်ဖြူးနိုင်ရန် ပုံစံ (၁၅) ကို သက်ဆိုင်ရာဌာနများသို့ပေးပို့ရမည်။ သက်ဆိုင်ရာဌာနအကြီးအမှူးက မိမိတို့ဌာနရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထံသို့ ပုံစံ (၁၅) များ ဖြန့်ဖြူးသည့်အခါ ယင်းပုံစံများကို မိမိထံသို့ မည်သည့်နေ့ရက်အရောက် ဖြည့်စွက်ပေးပို့ရမည်ဖြစ်ကြောင်း တစ်ပါတည်း အကြောင်းကြားရမည်။"

(ဆ) နည်းဥပဒေ ၆၆ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၆။ (င) မဲပုံးထဲမှ ထုတ်ယူရရှိသည့် ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၅၁(ဃ)အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒပြုထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီ၏ အမည်အလိုက် သီးခြားခွဲ၍ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ(၁၆)ဖြင့် သုံးစောင်ပြုစုရမည်။ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အနည်းဆုံးသက်သေလေးဦးက လက်မှတ်ရေးထိုး၍ ပုံစံ တစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မဲရုံမှူး၏ လက်ဝယ်တွင် ထိန်းသိမ်းထားရမည်။"

(ဇ) နည်းဥပဒေ ၆၆(င) ပါ ပုံစံ (၁၆) တွင် အများပြည်သူအသိသက်သေ အနည်းဆုံးလေးဦး လက်မှတ်ရေးထိုးနိုင်စေရန် နေရာသတ်မှတ်ဖော်ပြခြင်း၊ ယင်းပုံစံ (၁၆)၊ ပုံစံ (၁၈)နှင့် ပုံစံ (၁၉) တို့တွင် အောက်ပါအတိုင်းမှတ်ချက်များ ဖြည့်စွက်ဖော်ပြခြင်းပြုရမည် -

" မှတ်ချက်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။ "

(ဈ) နည်းဥပဒေ ၆၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(က) မိမိလက်ဝယ်ရရှိထားသည့် ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် အများပြည်သူများ ရှေ့မှောက်တွင် ရေတွက်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၈)တွင် ဖြည့်သွင်းရမည်။ ယင်းပုံစံ (၁၈)တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ် စေလွှတ်ဆောင်ရွက်ရမည်။ "

(ည) နည်းဥပဒေ ၆၇ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၇။ (ခ) မဲဆန္ဒနယ်အတွင်းရှိ မဲရုံများ၏ မဲရုံမှူးများထံမှ ပုံစံ (၁၆) ဖြင့် ရေးသွင်းထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက် (နည်းဥပဒေ ၄၆ (ခ) နှင့် (ဂ)တို့အရ ရရှိသည့် ဆန္ဒမဲများအပါအဝင်) နှင့် ပုံစံ (၁၈) အရ မိမိလက်ဝယ်ရရှိထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့်ပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ကြေညာထားသည့် ကိုယ်စားလှယ်လောင်းအစီအစဉ်အတိုင်း ပုံစံ (၁၉)ဖြင့် အများပြည်သူရှေ့မှောက်တွင် စာရင်းပြုစုရမည်။ ယင်းပုံစံ (၁၉)တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ မလာရောက်နိုင်ပါက ကိုယ်စားလှယ် စေလွှတ်ဆောင်ရွက်ရမည်။ ယင်းစာရင်း တစ်စောင်စီကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့၍ တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်။"

(ဋ) နည်းဥပဒေ ၈၃ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၃။ (က) နည်းဥပဒေ ၈၀ အရ ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ အစီရင်ခံစာများအရဖြစ်စေ၊ နည်းဥပဒေ ၈၂ အရ မိမိအား အရည်အချင်းပျက်ယွင်းသူဟု မသတ်မှတ်သင့်ကြောင်း လျှောက်ထားချက်အရဖြစ်စေ စိစစ်၍ ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းရန် ပျက်ကွက်သူများသည် အရည်အချင်းပျက်ယွင်းသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံစာ တင်သွင်းစေရမည်။ "

(ဌ) နည်းဥပဒေ ၈၇ တွင် ပါရှိသော " ရက်ပေါင်း ၆၀ အတွင်း" ဆိုသည့် စကားရပ်ကို "၂၁ ရက်အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဍ) နည်းဥပဒေ ၉၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉၉။ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း ရွေးကောက်ပွဲ ခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို မကျေနပ်၍ကော်မရှင်သို့ အယူခံမှုတင်သွင်းလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အယူခံမှုတင်သွင်းရန်အတွက် နိုင်ငံတော်ကကုန်ကျမည့် အမှုစရိတ်ငွေကျပ် ၁၀သိန်းကို ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ် ၁၀ သိန်းပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) အယူခံမှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်းချလန်မူရင်း၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်မိတ္တူတို့နှင့်အတူ ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း ကော်မရှင်သို့တင်သွင်းရမည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်မိတ္တူကိုရယူရန် ကြာမြင့်သည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။"

(ဎ) နည်းဥပဒေ ၁၀၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၀။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့က ကြားနာစစ်ဆေးနေစဉ်အတွင်း ခုံအဖွဲ့က ချမှတ်သည့် အမိန့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူကလည်းကောင်း ဥပဒေကြောင်းအရမှားယွင်းကြောင်း၊ ယင်းအမိန့်မှာ ဥပဒေရေးရာပြဿနာပေါ်ပေါက်ကြောင်း အကြောင်းပြလျက် ကော်မရှင်သို့ ပြင်ဆင်မှုတင်သွင်းလိုလျှင် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ပြင်ဆင်မှုတင်သွင်းရန်အတွက် နိုင်ငံတော်ကကုန်ကျမည့် အမှုစရိတ်ငွေကျပ် သုံးသိန်းကို ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(ခ) ယင်းသို့ အမှုစရိတ်ငွေကျပ် သုံးသိန်း ပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ခုံအဖွဲ့၏ အမိန့်မိတ္တူကို ကော်မရှင်ရုံးမှ ထုတ်ယူနိုင်သည်။

(ဂ) ပြင်ဆင်မှုလျှောက်လွှာကို ငွေပေးသွင်းပြီးကြောင်းချလန်မူရင်း၊ ခုံအဖွဲ့၏ အမိန့်မိတ္တူတို့နှင့်အတူ ရွေးကောက်ပွဲခုံအဖွဲ့က အမိန့်ချမှတ်သည့်နေ့မှ သုံးရက်အတွင်း ကော်မရှင်သို့တင်သွင်းရမည်။ ယင်းကာလစည်းကမ်းသတ်ကို တွက်ချက်ရာတွင် ရွေးကောက်ပွဲခုံအဖွဲ့၏ အမိန့်မိတ္တူကိုရယူရန် ကြာမြင့်သည့် ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။"

(ဏ) နည်းဥပဒေ ၁၀၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၁။ ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံး ပါဝင်သည့် စုံညီခုံရုံးသည် နည်းဥပဒေ ၉၉ အရ တင်သွင်းသည့် အယူခံမှုကိုကြားနာစစ်ဆေးရာတွင် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမကျင့်ထုံးဥပဒေအရ အယူခံမှုများကို ကြားနာစစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေးရမည်။"

(တ) နည်းဥပဒေ ၁၀၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၂။ ကော်မရှင်သည် နည်းဥပဒေ ၁၀၀ အရ တင်သွင်းသည့် ပြင်ဆင်မှုကို ကြားနာစစ်ဆေးရာတွင် -

(က) ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ တရားမပြင်ဆင်မှုများကို စစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေးရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးဖြင့်ဖြစ်စေ သို့မဟုတ် ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် နှစ်ဦးပါဝင်သည့် ခုံရုံးဖြင့်ဖြစ်စေ ရုံးထိုင်စစ်ဆေးနိုင်သည်။ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နှစ်ဦး ပါဝင်သည့်ခုံရုံးဖြင့် စစ်ဆေးပါက မူလခုံအဖွဲ့တွင်ပါဝင်သည့် ကော်မရှင်အဖွဲ့ဝင်များ မပါဝင်စေရ။"

(ထ) နည်းဥပဒေ ၁၀၃ ၏အောက်တွင် နည်းဥပဒေ ၁၀၃-က နှင့် နည်းဥပဒေ ၁၀၃-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၀၃-က။ ကန့်ကွက်သူကဖြစ်စေ၊ ကန့်ကွက်ခံရသူကဖြစ်စေ ခုံအဖွဲ့ကသော်လည်းကောင်း၊ ကော်မရှင်ကသော်လည်းကောင်း ချမှတ်သည့်တရားစရိတ်ငွေကို ပေးဆောင်ရန် ပျက်ကွက်ပါက သက်ဆိုင်ရာခုံအဖွဲ့သည် တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဒီကရီအတည်ပြုခြင်းဆိုင်ရာ ကျင့်ထုံးများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀၃ - ခ။ ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း၊ ကော်မရှင်၏ ဆုံးဖြတ်ချက်ကို ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ)အရလည်းကောင်း နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ နည်းဥပဒေ ၉၉ နှင့် ၁၀၀ တို့တွင် ခွင့်ပြုထားသည်မှတစ်ပါး ယင်းသို့ ဆုံးဖြတ်ချက်ချမှတ်ပြီးသည့် အမှုတွဲများ၏ မိတ္တူကိုကူးယူခွင့်ပြုရန် ကော်မရှင်ရုံးတွင် တာဝန်မရှိစေရ။"

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အောင်လံမြို့ သာသနာ့ဗိမာန်ကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

အောင်လံ ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း လမ်းအတိုင်းအတာ ပေ(၉၀၀× ၁၂ × ၇)ရှိ သာသနာ့ဗိမာန်ကျောင်းလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် အလှူရှင် ဦးစိုးနောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

အလှူရှင်က လှူဒါန်းငွေကျပ် ၅၆ ဒသမ ၀၀၈ သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လှူဒါန်းငွေကျပ် ၃၃ ဒသမ ၂၉၂ သိန်း စုစုပေါင်း ကုန်ကျငွေကျပ် ၈၉ ဒသမ ၃ သိန်း ကုန်ကျကြောင်း သိရှိရသည်။ **(၁၁၉)**

လွတ်လပ်ရေးနေ့အခမ်းအနား ရွှေဘို၌ကျင်းပ

ရွှေဘို ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ရွှေဘိုမြို့ ရန်ကြီးအောင် အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀က ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖအဖွဲ့နှင့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၂၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ရွှေဘိုခရိုင် အုပ်ချုပ်ရေးမှူး ဦးလှဦးက ဖတ်ကြားပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရသူများကို ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ (၀၅၀)

လွတ်လပ်ရေးနေ့ဂုဏ်ပြု ကြာဖြူလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နမ့်ခမ်း ဇန်နဝါရီ ၅

နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြာဖြူလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါလမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးစိုင်းကျော်အုန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ငပုတောမြို့နယ် သစ်တောကြိုးဝိုင်းအတွင်း တောဆင်ရိုင်းများ သေဆုံးလျက်တွေ့ရှိ

ငပုတော ဇန်နဝါရီ ၅

ငပုတောမြို့နယ် သစ်တောကြိုးဝိုင်းများ အတွင်း၌ တောဆင်ရိုင်းများ အကြောင်းမဲ့ သေဆုံးမှုများရှိကြောင်း သိရှိရသည်။

စုံစမ်း သိရှိရသည်မှာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ငပုတောမြို့နယ် တောင်ကလေးရဲကင်းအပိုင် ပိုးလောင်းကျေးရွာ အုပ်စု မယ်သီလစွမ်းကျေးရွာအနီး မြစ်တစ်ရာ သစ်တောကြိုးဝိုင်းအတွင်း မီးလောင်ပြင်တွင် စမ်းဘေးခန့်မှန်း မပည (FP-521039) ၌ တောဆင်ရိုင်းအမ တစ်ကောင်၊ အမြင့်ခုနစ်ပေခန့် လုံးပတ်ကိုးပေခွဲ၊ ဝဲဘက်အစွယ် ခြောက်လက်မခန့် ယာအစွယ်ကျိုး၍ ငုတ်တိုရှိပြီး ဝဲလက်ပြင်ရောင်၍ သေဆုံးနေကြောင်း သတင်းရရှိသဖြင့် ရဲကင်းမှူး ဒုတိယရဲအုပ်အောင်မျိုးလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ငပုတောမြို့နယ် သစ်တောဦးစီးဌာနမှ တောခေါင်း ထွန်းထွန်းနိုင်၊ တိ/မွေးကု တာဝန်ခံဆရာဝန်၊ ပိုးလောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညဏ်ထွန်းလင်းတို့ ပါဝင်သောအဖွဲ့သည် အခင်းဖြစ်ရာသို့ သွား၍ တောဆင်ရိုင်းသေဆုံးမှုကို စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ကြသည်။

စုံစမ်းစစ်ဆေး

အခင်းမဖြစ်ပွားမီကာလ ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီကလည်း ငပုတောမြို့နယ် ကွင်းချောင်းအုပ်စု မယ်ဇလီ သစ်တောကြိုးဝိုင်းအတွင်းရှိ စည်တောင်ကြီး ကျေးရွာအနောက်ဘက် တစ်မိုင်ခန့်အကွာ စွမ်းကလေးချောင်းဖျား၌ အသက် ၃၅ နှစ်ခန့်ရှိ ဟိုင်းဆင်အထီး အလျား ၉ ပေ ၆ လက်မ၊ လုံးပတ် ၁၇ ပေ၊ အမြင့် ၆ ပေ ၆လက်မ၊ အမြီးအရှည် ၃ ပေ ၆လက်မ၊ နှာမောင်း ၅ ပေ ၆လက်မ၊ အစွယ်မရှိ အနက်ရောင် တောဆင်ရိုင်းတစ်ကောင်သည် လွန်ခဲ့သော ၁၅ ရက်ခန့်က သေဆုံးနေကြောင်း တွေ့ရှိခဲ့ရာ ငပုတော ရဲစခန်းမှ ဒုတိယရဲအုပ်ခင်မောင်ထွေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်တိ/မွေးကုဌာနမှ တာဝန်ခံနှင့် မြို့နယ်သစ်တော ဦးစီးဌာနမှ တာဝန်ရှိသူတို့က တောဆင်ရိုင်းသေဆုံးခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ (၀၇၇)

နိုင်ငံသားလုပ်ငန်း စီမံချက်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျိုင်းတုံ၌ ကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၅

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ကြီးမှူးကျင်းပသည့် မိုးပွင့်အဆင့်(၂) နိုင်ငံသားလုပ်ငန်း စီမံချက်ကြိုတင်ပြင်ဆင်ညှိနှိုင်းခြင်း အစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံမြို့ အထက(၂) သံလွင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုးက မိုးပွင့်အဆင့်(၁) နိုင်ငံသားလုပ်ငန်းစီမံချက်ဆောင်ရွက်ပြီးစီးမှုနှင့် မိုးပွင့်အဆင့်(၂) နိုင်ငံသားလုပ်ငန်းစီမံချက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးပြီး ကျိုင်းတုံမြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးစိုင်းရှုန်တို့က မိုးပွင့်အဆင့်(၁) နိုင်ငံသားလုပ်ငန်းစီမံချက် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အသားစားကြက် မွေးမြူထုတ်လုပ်သူများအစုအဖွဲ့ လမိုင်းမြို့၌ ဖွဲ့စည်းခြင်းအခမ်းအနားကျင်းပ

ရေး ဇန်နဝါရီ ၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ရေးမြို့နယ် လမိုင်းမြို့နယ်ခွဲတွင် ဒီဇင်ဘာ ၁၈ ရက်က အသားစားကြက်မွေးမြူထုတ်လုပ်သူများ အစုအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးဒေါက်တာသန်းသန်းရီက ဝက်နားရွက်ပြာရောဂါအကြောင်းသိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ ရေးမြို့နယ်ဦးစီးအရာရှိ ဒေါက်တာဒေါ်စောကြည်က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောပြီးနောက် လက်ကမ်းစာစောင်နှင့် ပိုစတာများ ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် အသားစားကြက် မွေးမြူထုတ်လုပ်သူများအစုအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု ဒေါပုံမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၅

ဒေါပုံမြို့နယ်အတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက ဒေါပုံမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒေါပုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမို့မို့အောင်က နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးဟောပြောသည်။

ထို့နောက် အနောက်ပိုင်းခရိုင် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဆွေဆွေသန်း၊ ဒေါပုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများသည် ဝါဆိုရပ်ကွက်နှင့် ပုသိမ်မြေရပ်ကွက်အတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များကို အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပြီး ဆေးဝါးနှင့်အာဟာရပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၅၁)

မိနီမာရသွန်ပြိုင်ပွဲ သံဖြူဇရပ်မြို့၌ကျင်းပ
အားကစားမောင်မယ် ၆၀၀ကျော် ပါဝင်ယှဉ်ပြိုင်

သံဖြူဇရပ် ဇန်နဝါရီ ၅

သံဖြူဇရပ်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဖလား မိနီမာရသွန် တာဝေးပြေးပွဲကို တတိယအကြိမ်မြောက်အဖြစ် သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ ကြီးမှူးပြီး ဝေါလ်ဗီးရှင်းအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဒီဇင်ဘာ ၂၀ ရက် နံနက်က ကျင်းပသည်။

ပြိုင်ပွဲတွင် အသက်(၁၃-၁၆)နှစ် အကြီးတန်းနှင့် အသက်(၉-၁၂)နှစ် အငယ်တန်းပြိုင်ပွဲအဖြစ် အုပ်စုနှစ်စုခွဲ၍ အကြီးတန်းကို စက်စဲပင်လယ်ကမ်းခြေမှ တာထွက်ပြီး အငယ်တန်းကို ကျုံကဒါတ်ကျေးရွာ အထကအရှေ့မှ တာထွက်ကာ သံဖြူဇရပ်မြို့နယ် အားကစားပြိုင်ဝင်း အတွင်းသို့ ပန်းဝင်ကြသည်။

ဆုများချီးမြှင့်

ပြိုင်ပွဲသို့ အကြီးတန်းနှင့်အငယ်တန်းအားကစားမောင်မယ် ၆၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ ပထမ၊ဒုတိယ၊ တတိယဆုအပါအဝင် အမှတ်စဉ်(၁၀) အထိ ပန်းဝင်ရောက်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင် **(အောက်ပုံ)**၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် ဝေါလ်ဗီးရှင်း(သံဖြူဇရပ်)တာဝန်ခံ ဦးစောနေသားတို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင် ကာကွယ်ရေး ဆောင်ရွက်

ပေါင်းတည် ဇန်နဝါရီ ၅

နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အသိပညာများ ပြန့်ပွားစေရေးအတွက် ပေါင်းတည်မြို့နယ် အမှတ် (၉၃) သစ်စက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့ငြိမ်းသတ်မှု သရုပ်ပြဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၂၀ရက်က သစ်စက် စက်ရုံအတွင်းကျင်းပရာ စက်ရုံမှူး၊ လက်ထောက်မန်နေဂျာ ဦးအေးကြိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်စခန်း ယာယီတာဝန်ခံ ဦးဝင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှုကို ဓာတုဗေဒပေါင်ဒါမှုန့်၊ မီးသတ်ဆေးဘူးများ၊ အသုံးပြု၍လက်တွေ့သရုပ်ပြ ငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်ဖြင့် လက်တွေ့ရေပက်ဖျန်းခြင်းတို့ကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် လွန်ဆွဲပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်ပေါင်းစုံ ကျားမ လွန်ဆွဲပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က လမ်းမတော်မြို့နယ် အထက(၁)တွင် ကျင်းပသည်။ ပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ ကျားမအဖွဲ့ပေါင်း ၂၆ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ ခရိုင်၊ မြို့နယ်တို့မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ (၀၄၂)

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ရှင်းလင်းဆွေးနွေး

လယ်ဝေး ဇန်နဝါရီ ၅

မြို့နယ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး၊ ကျေးရွာအဆင့်အထိ ကွင်းဆင်းကာ လိုအပ်သောကူညီဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးနှင့် သက်ဆိုင်ရာဌာနများနှင့်ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၁၁ နာရီက လယ်ဝေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

မိလ္လာပိုက် ပျက်စီးနေ၍ အနံ့ဆိုးပျံ့နှံ့

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၄ လမ်းနှင့် ၁၂၃ လမ်းကြား တိုက်အမှတ်(၁၃-၁၅) အဆောက်အအုံနောက်ဖေး လမ်းကြားမှ မိလ္လာပိုက်ကျိုး၍ ပျက်စီးနေပါသဖြင့် အနံ့ဆိုးများသည် ရေစီးမြောင်းထဲသို့ကျကာ ရေမြောင်းများမှတစ်ဆင့် အနံ့အသက်များ ပျံ့နှံ့နေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသောကြောင့် အဆိုပါ မိလ္လာပိုက်အား ပြင်ဆင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာရေးစိုးရိမ်သူ**

စည်းကမ်းမဲ့ဈေးဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာရှိ ဖူးကြီးကားလမ်းပေါ်သို့တက်၍ လမ်းဘေးဝဲယာများတွင် ဆိုင်ခန်းများနှင့် ဈေးဗန်းများချကာ ရောင်းချနေပါသဖြင့် ယာဉ်အန္တရာယ်စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ယာဉ်အန္တရာယ်စိုးရိမ်သူ**

ရပ်ကွက်အတွင်းမှ ဓာတ်ဆီဆိုင်ကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ထီးနီကုန်းရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဘေး ရပ်ကွက်အတွင်းရှိ အိမ်နှစ်အိမ်သည် ဓာတ်ဆီများ သိုလှောင်၍ လက်လီလက်ကားရောင်းဝယ်နေပါသဖြင့် ရပ်ကွက်နေပြည်သူများ မီးဘေးစိုးရိမ်နေရပါသောကြောင့် သက်ဆိုင်ရာမှဖယ်ရှားပေးပါရန်တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

လွတ်လပ်ရေးနေ့အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ကျင်းပ

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က သဃ်္ဂန်းကျွန်းမြို့နယ်ခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင် ဖတ်ကြားစဉ်။ (ဝ၂၅)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အထက(၃) စုဝေးကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်း ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အင်းစိန်မြို့နယ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး ဖတ်ကြားစဉ်။ (မြို့နယ် ထွေ/အုပ်ဦးစီး)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ရန်ကင်းမြို့နယ် အထက(၂) ကျောင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင် ဖတ်ကြားစဉ်။ (ဝ၄၃)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ဗဟန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေး ဖတ်ကြားစဉ်။ (၁၃၅)

ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများ မော်တော်ယာဉ်တင်သွင်းခွင့်လျှောက်ထားခြင်းကြေညာချက်

၁။ ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများသည် နိုင်ငံတော်သို့ ဝင်ငွေခွန်ပေးဆောင်ပြီး မိမိ၏ဘဏ်ငွေစာရင်းတွင် အမေရိကန်ဒေါ်လာ (၁၀၀၀၀)နှင့် အထက်ရှိသည့်သူအား မော်တော်ယာဉ်တစ်စီး တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၂။ ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများအား လူစီးကားများကို ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်းကထုတ်လုပ်သည့် ကားများကိုသာ တင်သွင်းခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ မော်တော်ယာဉ်တင်သွင်းခွင့်ရှိသူ ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများသည် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ ဖုန်း-၀၁-၆၆၇၇၅၄၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်လွှာများ တင်ပြလျှောက်ထားနိုင်ပါသည်-

(က) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားကိုယ်တိုင် လက်မှတ်ရေးထိုးလျှောက်ထားရမည့် သတ်မှတ်ပုံစံလျှောက်လွှာ၊

(ခ) လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးလျှောက်ထားရန်၊ လျှောက်ထားသူသည် ပြည်ပတွင် ရှိနေပါက ကာယကံရှင်၏ လက်မှတ်နှင့်အတူ လက်ဗွေပါရှိရန်၊

(ဂ) မော်တော်ယာဉ်တင်သွင်းရန် လျှောက်ထားသူသည် ပြည်ပနိုင်ငံတွင် တရားဝင်အလုပ်လုပ်ကိုင်နေသူ ဟုတ်/မဟုတ် အထောက်အထားများ၊

(ဃ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမား၏ မြန်မာနိုင်ငံဘဏ်၊ နိုင်ငံခြားငွေစာရင်းစာအုပ်မူရင်းနှင့် မိတ္တူ၊

(င) မြန်မာနိုင်ငံဘဏ်၊ နိုင်ငံခြားငွေစာရင်းရှိ ငွေပမာဏအတွက် အခွန်ဆောင်ထားသော အခွန်ကျေကြောင်း သက်ဆိုင်ရာ မြန်မာသံရုံးများ၏ ထောက်ခံချက်မူရင်းများနှင့် မိတ္တူများ (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ မတိုင်မီ ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများ)

(စ) အလုပ်သမား မှတ်ပုံတင်ခြင်းအတွက် နိုင်ငံတော်သို့ FEC 100 ပေးသွင်းပြီးသည့် ချလန်မူရင်းနှင့်မိတ္တူ။

၄။ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသော အလုပ်သမားများ၏ မော်တော်ယာဉ်တင်သွင်းခွင့်လျှောက်လွှာများကို အလုပ်သမားဝန်ကြီးဌာန မော်တော်ယာဉ်တင်သွင်းခွင့် စိစစ်ရေးကော်မတီမှ စိစစ်၍ ထောက်ခံတင်ပြ ပေးမည်ဖြစ်ပါ သည်။

၅။ မော်တော်ယာဉ်တင်သွင်းခွင့်လျှောက်လွှာများအား ၆-၁-၂၀၁၂ ရက်မှစ၍ အလုပ်သမားဝန်ကြီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် လျှောက်ထားနိုင်ပါသည်။

၆။ မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်လွှာများအား အစဉ်အတိုင်းမှတ်ပုံတင် စိစစ်ပြီး ပြည်ပအလုပ်အကိုင်စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်၍ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီသို့ ဆက်လက် ထောက်ခံတင်ပြမည်ဖြစ်ပါသည်။

မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ နမူနာပုံစံ

သို့
ဥက္ကဋ္ဌ
မော်တော်ယာဉ်တင်သွင်းခွင့်စိစစ်ရေးကော်မတီ
အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

နေ့စွဲ၊ ။

အကြောင်းအရာ။ ။ မော်တော်ယာဉ်တစ်စီး တင်သွင်းခွင့်ပြုပါရန် လျှောက်ထားခြင်း။

ကျွန်တော်သည် ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်စဉ် ရရှိသောဝင်ငွေအား နိုင်ငံတော်သို့ အခွန်ငွေများ ပေးဆောင်ထားပြီး ကျွန်တော်၏ ဘဏ်ငွေစာရင်းတွင်လည်း သတ်မှတ်ထားသော စုဆောင်းငွေရှိပြီးဖြစ်ပါ၍ မော်တော်ယာဉ်တစ်စီး တင်သွင်းခွင့်ပြုပါရန် အောက်ဖော်ပြပါအတိုင်း တင်ပြလျှောက်ထားအပ်ပါသည်-

(က) အမည် ....
(ခ) နိုင်ငံကူးလက်မှတ် ....
(ဂ) မှတ်ပုံတင်အမှတ် ....
(ဃ) တာဝန်ထမ်းကာလ ....
(င) လစာဝင်ငွေ ....
(စ) အခွန်ဆောင်ထားငွေ ....
(ဆ) ဘဏ်အမည်နှင့် ငွေစာရင်းအမှတ် ....
(ဇ) ဘဏ်လက်ကျန်စာရင်း ....
(ဈ) တင်သွင်းမည့် ကားအမျိုးအစား ....
(ည) နေရပ်လိပ်စာ ....

လက်မှတ်
အမည်
ဆက်သွယ်ရန် ဖုန်းနံပါတ်-

ပူးတွဲ-
-ဘဏ်စာအုပ်မူရင်းနှင့်မိတ္တူ
-ဘဏ်ရှိစုဆောင်းငွေ ပမာဏအလိုက် နောက်ဆုံးအခွန်ဆောင်ထားသော အခွန်ကျေကြောင်း သက်ဆိုင်ရာသံရုံး၏ ထောက်ခံချက်မူရင်းများနှင့်မိတ္တူများ
-အလုပ်သမားမှတ်ပုံတင်ခြင်းအတွက် နိုင်ငံတော်သို့ FEC 100 ပေးသွင်းပြီးသည့် ချလန်မူရင်းနှင့် မိတ္တူ

- နိုင်ငံရေးဆိုတာဘာလဲ?
- နိုင်ငံရေးကိုဘယ်လိုလုပ်ရမလဲ?

ပြောမဆုံးနိုင်သောနိုင်ငံရေးအကြောင်း

ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ကိုရာဇာဖြိုး နှင့် မသိမ့်နန္ဒာထွဋ်တို့သည် စင်ကာပူတရားရုံး၌ ၁၆-၁၂-၂၀၁၁ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါကြောင်း။

ကိုရာဇာဖြိုး

စာအုပ်စာပေ လူ့မိတ်ဆွေ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ဘကြီးမှုန်လမ်း၊ အမှတ်(၁၈)နေ ဦးမျိုးမြင့်-ဒေါ်ဝင်းမမတို့၏သားဖြစ်သူ မောင်အောင်မျိုးနိုင် ၁၂/မဂဒ(နိုင်) ၁၁၀၇၀၈ သည် မိဘစကားကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

၄င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးမျိုးမြင့်-ဒေါ်ဝင်းမမ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အမှတ် (၉)ရပ်ကွက်(ရေကျော်)၊ ဗိုလ်ချုပ်လမ်းမကြီး၊ အမှတ်(၂၅၄)တွင် ပါတီရုံးချုပ် တည်ရှိသော **ကရင်ဒီမိုကရက်တစ်ပါတီ** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၅-၁-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကရင်ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ



ကရင်ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ ဦးဦးမြင့်-ဒေါ်ရီငွေးတို့၏ဒုတိယသား

မောင်ဉာဏ်ဝင်းမင်း (LL.B)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးသိန်းမြင့်ဦး-ဒေါ်တင်တင်နု (မြတ်လေးတင်)တို့၏သမီး

မခင်ခင်ကြီး (LL.B)

တို့၏ ၂၄-၁၂-၂၀၁၁ရက်(စနေနေ့)တွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးနှင့် ၃၁-၁၂-၂၀၁၁ရက် (စနေနေ့)တွင် Summit Parkview Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာရှေ့ထား၍ မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ကြသော မိတ်သင်္ဂဟအပေါင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးပင်တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဉာဏ်ဝင်းမင်း-မခင်ခင်ကြီး

1. Accountant
LCCI (Level I, II, III)
2. Office Staff
3. Promoter
4. Marketing

Myanmar Mercury Garment Mfg, Co.,Ltd.
Ph : 01-201943

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Vijay Kumar Singh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အတူ *စာမျက်နှာ ၃ ကော်လံ ၃* ✻

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Vijay Kumar Singh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အိန္ဒိယ တပ်မတော် ကြည်းတပ် ဦးစီးချုပ် General Vijay Kumar Singh နှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများအနက်

စုစုပေါင်း ၆၆၅၆ ဦးတို့ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များရရှိခဲ့

နေပြည်တော် ဇန်နဝါရီ ၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့အတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(ခ)နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ပေးနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂-၁-၂၀၁၂ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၂ ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ထုတ်ပြန်ခဲ့သည်။

အဆိုပါအမိန့်များအရ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်တွင် အကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများအနက်မှ အကျဉ်းသား ၆၀၈၇ ဦး၊ အကျဉ်းသူ ၅၆၉ ဦး စုစုပေါင်း ၆၆၅၆ ဦးတို့ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ရရှိခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ပြစ်ဒဏ်ပြောင်းလဲခံစားခွင့်အဖြစ် သေဒဏ်မှ ထောင်တစ်သက်သို့ ပြောင်းလဲကျခံရသူ အကျဉ်းသား ၃၁ ဦး၊ အကျဉ်းသူ နှစ်ဦး စုစုပေါင်း ၃၃ ဦး၊ ထောင်ဒဏ် ၃၀ နှစ်အထက်မှ ထောင်ဒဏ် ၃၀ နှစ်သို့ ပြောင်းလဲသတ်မှတ်ခံရသူ အကျဉ်းသား ၉၈၈ ဦး၊ အကျဉ်းသူ ၁၃၀ ဦး စုစုပေါင်း ၁၁၁၈ ဦး၊ ထောင်ဒဏ် *စာမျက်နှာ ၄ ကော်လံ ၃* ◆

မြင့်မောင်စိုး – ရေးသားသည်

မန်ယူတို့ ရှုံးပွဲဆက်

နယူးကာဆယ်အသင်း အိမ်ကွင်း၌အောင်ပွဲခံ

လန်ဒန် ဇန်နဝါရီ ၅

ပရီမီယာလိဂ် ပွဲစဉ်(၂၀) လက်ကျန်ပြိုင်ပွဲများကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ မန်ယူတို့ နယူးကာဆယ်အိမ်ကွင်းတွင် သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်သွားခဲ့ရသည်။ **(ဝဲပုံ)**

နယူးကာဆယ် တိုက်စစ်မှူး ဒမ်ဘာဘာက ပွဲချိန် ၃၃ မိနစ်တွင် နယူးကာဆယ်အသင်းအတွက် အဖွင့်ဂိုး *စာမျက်နှာ ၄ ကော်လံ ၁* ●

6-1 (20).pmd 1 1/6/2012, 2:12 AM